ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ (21-3-2012) (၇၀၇၁)

ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးထွက်ခွာ

နေပြည်တော်   မတ်   ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ ကျူးသန်စန်း၊ ကမ္ဘောဒီးယားနိုင်ငံဘုရင် ပရယ် ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်တို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် အဖွဲ့ဝင်များလိုက်ပါလျက် ယနေ့နံနက် ၈ နာရီခွဲတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းအထူးလေယာဉ်ဖြင့် နေပြည်တော်မှ ထွက်ခွာသွားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များအား ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး၊ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံး တို့မှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးထွက်ခွာသွားသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်တို့ နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးကိုကို၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနနှင့် အားကစား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ လိုက်ပါသွားကြသည်။ (သတင်းစဉ်)

ယနေ့ သတင်း အညွှန်း

လှိုင်မြစ်အတွင်း အမှိုက်ပစ်ချမှုမရှိရန် အစီအစဉ်ချ၍ တင်းကျပ်စွာ စောင့်ကြပ်စစ်ဆေးမှုများ ပြုလုပ်
ပြည်တွင်းသတင်း စာမျက်နှာ ၃

မြန်မာ့မီဒီယာလောကဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ဆက်လက်ကျင်းပ
ပြည်တွင်းသတင်း စာမျက်နှာ ၉

ရောဝတီယူနိုက်တက်နှင့် မလေးရှားကလပ် ကီလန်တန် သုဝဏ္ဏကွင်း၌ ယနေ့ယှဉ်ပြိုင်ကစားမည်
အားကစားသတင်း စာမျက်နှာ ၁၀

ဒေါ်လာ ၄၁၀၀၀၀ တန်ရွှေထည်များ ပြန်လည်ပေးအပ်သူ ထိုင်းအငှားယာဉ်မောင်းအား ဒေါ်လာ ၆၄၀၀ တန် ရွှေထည်များချီးမြှင့်
နိုင်ငံတကာသတင်း စာမျက်နှာ ၄

ကြေးမုံစာတည်းရှုထောင့် ၂၁-၃-၂၀၁၂(ဗုဒ္ဓဟူးနေ့)။

လှပနေမည့် သင်္ကြန်

နွေဦးမှာ လေရူးတွေလည်း တိုက်လျက်ရှိပေပြီ။ မကြာမီ သင်္ကြန်ရက်များရောက်ရှိလာပေတော့မည်။ သင်္ကြန်ဟူသည် ခေတ်အဆက်ဆက် မရိုးနိုင်သောပွဲတော်တစ်ခုဖြစ်သည်။ သင်္ကြန်၏ အငွေ့အသက်အဖြစ် ငုပန်းများလည်း လှိုင်လှိုင်ပွင့်လျက်ရှိပေပြီ။ ပိတောက်ဖူးတို့သည်လည်း ဟိုတစ်စ သည်တစ်စဖြင့် ကျိုးတိုးကျဲတဲတွေ့ရလေသည်။ သင်္ကြန်သီချင်းသံများလည်း ကြားလာရပြီ။ သင်္ကြန်ဟူသည် အချိန်တန်လျှင် မည်သူမျှမဆင်နွှဲဘဲ မနေနိုင်လောက်အောင်ပင် ပျော်ရွှင်စရာပွဲတော်တစ်ခုဖြစ်ပေသည်။

သင်္ကြန်သည် မိမိတို့မြန်မာလူမျိုးများ၏ ၁၂လရာသီပွဲတော်များအနက် အပျော်ရွှင်ရဆုံးသော ပွဲတော်တစ်ခု ဖြစ်သည်။ လူမျိုးမရွေး၊ ဘာသာမရွေး ပျော်ကြရသော ပွဲတော်တစ်ခုလည်း ဖြစ်သည်။ မိမိတို့ငယ်စဉ်က သင်္ကြန်ဟုဆိုလျှင် ရပ်ကွက်အတွင်း လှပျိုဖြူများက ရေကစားမဏ္ဍပ်များထိုး၍ ရေကစားကြသည်။ အလှပြကားကြီးများဖြင့် လှည့်လည်၍ ကားအလှ၊ ယိမ်းအက၊ သံချပ်ထိုးပြိုင်ကြ စသည်ဖြင့် မဏ္ဍပ်အသီးသီးသို့ လှည့်လည်၍ ယှဉ်ပြိုင်ခဲ့ကြသည်။

ရပ်ကွက်အတွင်းရှိလူငယ်လူရွယ်များကလည်း စုပေါင်း၍ ငါးလွှတ်ခြင်း၊ သက်ကြီးရွယ်အိုများအား ခေါင်းလျှော်ပေးခြင်း၊ ခြေသည်းလက်သည်းညှပ်ပေးခြင်းဖြင့် ကုသိုလ်ယူကြသည်။ သင်္ကြန်ကို ယင်းကဲ့သို့ ပြုမူဆောင်ရွက်ချက်များဖြင့် ပျော်ရွှင်စရာကောင်းခဲ့ပေသည်။

ပြောချင်သည်မှာ ရိုးရာမပျက်ဆင်နွှဲလျက်ရှိသည့် သင်္ကြန်ပွဲတော်ကို မိမိ၏ မဆင်မခြင်ပြုမူမှုကြောင့် မပျက်စီးစေရန် သတိပေးလိုခြင်းဖြစ်ပါသည်။ ယခု ဒီဘက်ခေတ်တွင် လူငယ်လူရွယ်များသည် သင်္ကြန်ကာလအတွင်း ယင်းကဲ့သို့ ပျော်ရွှင်ခြင်းများ နည်းပါးခဲ့ပြီဟုထင်မိသည်။ အများစုကို မဆိုလိုပါ။ လူငယ်တော်တော်များများသည်လည်း ဓမ္မရိပ်သာများတွင် တရားဝင်သူ၊ သီလဆောက်တည်သူ၊ တရားဘာဝနာပွားများသူများ ရှိသည်ကိုလည်း မြင်တွေ့ခဲ့ပါသည်။ အခြားနည်းဖြင့် ကောင်းမှုပြုသူများလည်း ရှိပါသည်။

သို့သော် တချို့သောလူငယ်များသည် သင်္ကြန်တွင် လွဲမှားသော ပျော်ရွှင်မှုများဖြင့် ပျော်ရွှင်နေသည်ကို တွေ့ခဲ့ရသည်။ အရက်များ အလွန်အကျွံသောက်ခြင်း၊ ဝတ်စားဆင်ယင်မှုမှာလည်း ဦးခေါင်းတွင် ဆံပင်ကို ဆေးရောင်စုံဆိုးထားခြင်း၊ ဂျင်းဘောင်းဘီအကောင်းကိုဖြတ်၍ အနားဖွာကာ စုတ်ပြတ်သပ်အောင်ပြုလုပ်၍ ဝတ်ဆင်ခြင်း၊ မောင်နှင့်နှမ၊ သားနှင့်အမိ မကြားဝံ့ မနာသာများပြောဆို၍ သင်္ကြန်ကို အရုပ်ဆိုး အကျည်းတန်အောင် ပြုမူသူတချို့ကိုလည်း မြင်တွေ့ရသည်။

အရက်များအလွန်အကျွံသောက်၍ ခိုက်ရန်ဖြစ်ပွားပါကလည်း မိမိ ပတ်ဝန်းကျင်သည် မိမိကြောင့် အရုပ်ဆိုး အကျည်းတန်စေပါသည်။ မဖြစ်သင့်ပါ။ မည်သို့ပင်ဆိုစေ မိမိ၏ ကိုယ်အမူအရာ၊ နှုတ်အမူအရာများကြောင့် လှပနေမည့်သင်္ကြန်ကို မညစ်နွမ်းပါစေနှင့်ဟု စေတနာရှေ့ထား သတိပေးစကား ကြိုတင်ရေးသားလိုက်ရပါသည်။ ။

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်နှင့် ဘယ်လာရုစ်ဒုတိယဝန်ကြီး ဦးဆောင်သောအဖွဲ့ တွေ့ဆုံ ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များ ဆွေးနွေး

နေပြည်တော် မတ် ၂၀

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား ဘယ်လာရုစ်နိုင်ငံ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Vitaly Prima ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ နံနက် ၁၁ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။ **(ဝဲပုံ)**

ယင်းသို့ တွေ့ဆုံရာတွင် သတ္တုသယံဇာတများ ရှာဖွေရေး၊ တူးဖော်ထုတ်လုပ်ရေးတို့အတွက် လိုအပ်သောယာဉ်များ၊ စက်ယန္တရားများ၊ ဆက်စပ်ပစ္စည်းများနှင့် စပ်လျဉ်း၍ ဘယ်လာရုစ်နိုင်ငံထုတ်ယာဉ်နှင့် စက်ယန္တရားများ၏ အမျိုးအစားနှင့် စွမ်းရည်များကို ရှင်းလင်းတင်ပြပြီး ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးဌေးအောင်အား ပြည်ပဧည့်သည်များတွေ့ဆုံ

နေပြည်တော် မတ် ၂၀

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်အား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီးဟောင်း Asian Maternal Child Welfare Association (AMCWA) ဥက္ကဋ္ဌ Mr. Yoichi Yamaguchi နှင့် AMMS International Co., Ltd. CEO Mr. Eisuke Tokuhara ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် အဆိုပါ ဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး **(ယာပုံ)** မြန်မာနိုင်ငံ၏ ဟိုတယ်လုပ်ငန်းကဏ္ဍ၌ ဂျပန်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေးကိစ္စများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် သတင်းအချက်အလက်များကို ဆွေးနွေးခဲ့ကြသည်။

အလားတူ ဒုတိယဝန်ကြီး ဦးဌေးအောင်အား ဘယ်လာရုစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Dr. Valery Sadokho နှင့် ပထမ အတွင်းဝန် Mr. Maksim Nesterenko တို့သည် Honorary Consul Dr. Aung Moe Myint နှင့်အတူ မွန်းလွဲ ၁ နာရီခွဲတွင် လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဟိုတယ်လုပ်ငန်းကဏ္ဍ၌ ရန်ကုန်မြို့နှင့် ပင်လယ်ကမ်းစပ်ဒေသများတွင် ရင်းနှီးမြှုပ်နှံနိုင်ရေးကိစ္စများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ သတင်းအချက်အလက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ အရေးပေါ်ညီလာခံ ကျင်းပမည့်နေရာပြောင်းလဲ

ရန်ကုန် မတ် ၂၀

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ အရေးပေါ်ညီလာခံကို မတ် ၂၄ ရက် နံနက် ၉ နာရီတွင် မူလသတ်မှတ်ထားသည့် UMFCCI အစား သူနာပြုတက္ကသိုလ်(ရန်ကုန်)အစည်းအဝေးခန်းမ၌ ပြောင်းလဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၁-၃-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

- ၇း၁၀ တရားတော်
- ၈း၁၅ ဇာတ်လမ်းတို
- ၄း၃၀ လျှပ်တစ်ပြက်
- ၄း၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၅၅ ရွှေပေါင်းသုတ
- ၅း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၃၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၅၃)**
- ၆း၂၀ Mail Box
- ၆း၃၅ ကာတွန်းအစီအစဉ် -စူပါဟမ်းစတား (အပိုင်း-၃၄)
- ၇း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်ခွန်းဖွဲ့သီချစ်သူဆီ (အပိုင်း-၆၃)**
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း -နိုင်ငံရေးပါတီများ ဟောပြောချက် "ပြည်သူ့ဒီမိုကရေစီပါတီ" "အမျိုးသားဒီမိုကရေစီပါတီသစ်" -(၆၇)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် -ရယ်စရာပျော်စရာဟာသကမ္ဘာ "ဒီဂျေမင်းသားခေတ်နှစ်ပါးသွား" (ဇာတ်သိမ်း) (ဝမ်းဝမ်း၊ ရီရီပွင့်ဖြူ၊ ခင်လှိုင်၊ ဒိန်းဒေါင်နှင့် သရုပ်ဆောင်များ) [ဒါရိုက်တာ-စိန်လင်း(ပုံရိပ်ရွှေမြေ)] -(၆၇)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုရုပ်မြင်သံကြားဇာတ်လမ်း "သားကောင်းမိခင်" (ဇာတ်သိမ်းပိုင်း) **-ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်**



ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဓမ္မစေတီလမ်းနေ ရုပ်ရှင်သရုပ်ဆောင် ဆုဆု စန္ဒီ(ခ)မအိအိဇင်၏ မွေးနေ့အလှူအဖြစ် နှင်းဆီကုန်းဘိုးဘွားရိပ်သာအတွက် ဆွမ်းနှင့် ဆေး ငွေပဒေသာပင် ကျပ်သိန်း ၂၀ နှင့် သာကေတမြို့နယ် မင်းနန္ဒာ စာသင်တိုက်ရှိ သံဃာတော်အပါး ၁၀၀ ကျော်အား ဆွမ်းဆက်ကပ်လှူဒါန်း၍ ဆွမ်းနှင့် ဆေး ငွေပဒေသာပင် ကျပ်သိန်း ၂၀ စုစုပေါင်း ငွေကျပ်သိန်း ၄၀ ကို ပေးအပ်လှူဒါန်းစဉ်။ (ဇော်ဇော်ဦး)

ဆေးကုသရေးအဆောင် ပြုပြင်မွမ်းမံဖွင့်လှစ်

ရန်ကုန် မတ် ၂၀

အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ဆေးကုသရေးအဆောင် ပြုပြင်မွမ်းမံဖွင့်လှစ်ခြင်းအခမ်းအနားကို ယမန်နေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံကွင်းရှိ အဆိုပါဆေးကုသဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် KOICA MYANMAR မှ ဌာနေကိုယ်စားလှယ် Mr. Shin Man Shik တို့က ဆေးကုသဆောင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

(သတင်းစဉ်)



အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၀ - ၃ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၇၈၅၁	၀. ၀၃၂၄၈
တရုတ် (ယွမ်)	၆. ၃၂၂၂၈	၀. ၁၅၈၁၇
အိန္ဒိယ (ရူပီး)	၅၀. ၃၉၅၀	၀. ၀၁၉၈၄
မလေးရှား (ရင်းဂစ်)	၃. ၀၇၇၂၅	၀. ၃၂၄၉၇
စင်ကာပူ (ဒေါ်လာ)	၁. ၂၆၃၀၄	၀. ၇၉၁၇၄
ဂျပန် (ယန်း)	၈၃. ၅၀၈၃	၀. ၀၁၁၉၆
တောင်ကိုရီးယား(ဝမ်)	၁၁၂၅. ၀၄	၀. ၀၀၀၈၉
ယူရို	၀. ၇၅၅၇၆	၁. ၃၂၃၁၈
ဗြိတိသျှ (ပေါင်)	၀. ၆၃၀၁၃	၁. ၅၈၆၉၈

အင်တာနက်။

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော်အတွင်း သွားလာလျက်ရှိသည့် မော်တော်ယာဉ်များသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအား လိုက်နာစေရေးအတွက် အသိပညာပေးခြင်း၊ စစ်ဆေးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိရာ စည်းကမ်းချိုးဖောက်သော ယာယီနံပါတ် သက်တမ်းကျော်လွန်သည့် ယာဉ်များ၊ နံပါတ်ပြားမပါဘဲ သတ်မှတ်လမ်းကြောင်းအတွင်း မောင်းနှင်ခြင်းမရှိသည့် ယာဉ်များအား အရေးယူဆောင်ရွက်ခဲ့ရာ ၁-၂-၂၀၁၂ ရက်နေ့မှ ၁၅-၃-၂၀၁၂ ရက်နေ့အထိ မော်တော်ယာဉ် စုစုပေါင်း ၃၂၆ စီး အရေးယူဆောင်ရွက်ခဲ့ရပါသည်။ သို့ဖြစ်၍ စည်းကမ်းနှင့်အညီ မောင်းနှင်သွားလာကြပါရန်နှင့် စစ်ဆေးတွေ့ရှိပါက ထိထိရောက်ရောက် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

☆ **ပြည်ထောင်စုမှ**

ဦးပေါ်လှျံလွင်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင်၊ ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာတင်ရွှေ၊ လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့်နှင့် ရေဖြူ မဲဆန္ဒနယ်မှ ဦးဝင်းဦးတို့က ဆွေးနွေးကြသည်။

ယင်းနောက် ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ မူနှင့်အခြေခံသဘော ဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအတွက် ဘတ်ဂျက်ခွဲဝေပေးမှု၊ အခွန်ကောက်ခံမှုတွင် အခွန်နှုန်းထားလျှော့ချရန်နှင့် အခွန်နယ်ပယ် ကျယ်ပြန့်လာစေရန် ပြင်ဆင်ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်းက တပ်မတော်သားသစ်များ စုဆောင်းရာတွင် စစ်ဆေးမှု၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်တွင် အစုရှယ်ယာများအပေါ် အမြတ်ငွေခွဲဝေပေးမှုများတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဝန်ကြီးဌာန၏ ခန့်မှန်းခြေငွေအသုံးစရိတ်နှင့် နိုင်ငံတော်စီမံကိန်းများတွင် မိမိနိုင်ငံသားများ ပိုမို၍ အလုပ်အကိုင်ရရှိရေးတို့နှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ကျောင်းအဆောက်အအုံများ တိုးချဲ့ဆောက်လုပ်ရေးနှင့် ဆရာ၊ ဆရာမများ ပိုမိုခန့်ထားရေးတို့နှင့်စပ်လျဉ်း၍ လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်တွင် ခွဲဝေရရှိသောဘဏ္ဍာငွေမှ ဆေးတက္ကသိုလ်များ၊ ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်ရေးနှင့် စရိတ်မျှပေးကျန်းမာရေးစနစ်အတွက် ဆေးဝါးများ ပိုမိုဝယ်ယူသွားရေးကိစ္စတို့နှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ယနေ့အစည်းအဝေးကို ညနေ ၄ နာရီတွင်ရပ်နားလိုက်ပြီး အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို မတ် ၂၁ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၁-၃-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

၅း၄၀	“ဘဝနောင်ရေးစိတ်အေးစေချင်ပါတယ်” တရားတော် (အရှင်ခေမာသီရိလင်္ကာရ) (ရွှေပြည်ဟိန်းဆရာတော်)
၈း၅၅	အထက(ပျော်ဘွယ်)ကျောင်းသားကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်အာစရိယပူဇော်ပွဲ
၉း၁၀	ပုလဲမြို့မှ အခမဲ့အထွေထွေခွဲစိတ်ကုသပွဲ
၉း၄၅	Early Myanmar & Its Global Connection
၁၀း၂၀	ခါတ်ပုံထဲမှအမှတ်တရများ (ဟက်ကက်နှင့်တွေ့ဆုံခြင်း)
၁၁း၀၅	“ပင်လယ်ထက်က နေဝန်းနီ”၏ အကယ်ဒမီထပ်ဆင့်ဂုဏ်ပြုပွဲ
၁၂း၃၅	ဗုဒ္ဓဆင်းတုတော် အဆူ(၂၀၀၀) လှူဒါန်းခြင်းအခမ်းအနား
၄း၅၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၆း၁၅	ရန်ကုန်မြင်ကွင်းကျယ် (CHANG HOME ကိုယ်စားလှယ်ကြီးများအတွက် နှစ်ပတ်လည်ဂုဏ်ပြုညစာစားပွဲနှင့်အရောင်းမြှင့်တင်ပွဲ)
၆း၃၀	AFC Cup 2012 Group G [Citizen(Hong Kong) Vs Yangon United(Myanmar)]
၉း၀၀	Celebrity Style (ဖြိုးငွေစိုး)
၉း၂၀	The Shop Around The Corner (Part-48)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းသုံးပွင့်လေညွှန်ရာ” (အပိုင်း-၁၀၅)**
၁၀း၅၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ချစ်မေတ္တာဖြင့်လှစေသူ” (အပိုင်း-၂၀)**
၁၁း၅၅	World of Knowledge
၁း၁၀	ဂန္ထဝင်မြောက်ပန်းချီဆရာကြီး ဦးဘကြည်
၁း၄၅	ရှိတော့ရှိတယ်ရှားတယ် (ခန့်ထက်နိုင်၊ စစ်ပိုင်၊ အမ်ဖိုင်း၊ ဟိန်းတေဇာ၊ ချစ်စနိုးဦး) (ဒါရိုက်တာ-အဓိပတိမောင်မောင်ဦး)
၂း၁၀	Barclays Premier League (Man City Vs Chelsea)
၄း၁၀	ရွှေဈေးကွက်နှင့်ရွှေဝယ်လမ်းညွှန်

Barclays Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၁၀	Man City - Chelsea	ESPN(MRTV-4)

***ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း အလုပ်အမှုဆောင်နှင့်အဖွဲ့ အိန္ဒိယနိုင်ငံသို့ထွက်ခွာ

ရန်ကုန် မတ် ၂၀

အိန္ဒိယနိုင်ငံ Hyderabad မြို့၌ မတ် ၂၁ ရက်မှ ၂၃ ရက်အထိ အိန္ဒိယသမ္မတနိုင်ငံ Electronics and Computer Software Export Promotion Council (ESC)က ကြီးမှူး၍ Hyderabad International Convention Centre ၌ ကျင်းပမည့် INDIASOFT 2012 သို့ တက်ရောက်ရန်အတွက် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း အလုပ်အမှုဆောင် ဦးသိန်းထွန်းဖေ ဦးဆောင်၍ အသင်းဝင်ကုမ္ပဏီများမှ တာဝန်ရှိသူများ ပါဝင်သည့်အဖွဲ့ မတ် ၁၉ ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒေါ်သန်းသန်းတင့်နှင့် ဦးထင်အောင်ခိုင်တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။**(အပေါ်ပုံ)**

(အောင်အောင်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အောင်ဆန်းခန်းမ၌ ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် မွန်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၊ မော်လမြိုင်ခရိုင် ကော်မရှင်အဖွဲ့ခွဲနှင့် မော်လမြိုင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲများမှ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ အဖွဲ့ခွဲဝင်များနှင့်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး

မွန်ပြည်နယ်/ခရိုင်/မြို့နယ်ကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌများ၊ အဖွဲ့ခွဲဝင်များနှင့် တွေ့ဆုံပြီး လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲဖြစ်ရေး ရှင်းလင်းမှာကြား

နေပြည်တော် မတ် ၂၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် မတ် ၁၉ ရက် နံနက် ၉ နာရီတွင် မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အောင်ဆန်းခန်းမ၌ ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် မွန်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၊ မော်လမြိုင်ခရိုင် ကော်မရှင်အဖွဲ့ခွဲနှင့် မော်လမြိုင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲများမှ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ အဖွဲ့ခွဲဝင်များနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားပြီး မွန်ပြည်နယ်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသိန်းထွန်းအေးက ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင်ထွန်းက ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် လုပ်ငန်းဆိုင်ရာဆောင်ရွက်ထားရှိမှုအခြေအနေများကို လည်းကောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဌေးလွင်က လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲဖြစ်ရေးနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ရှင်းလင်းဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးသန့်ရှင်း အာရှနှင့်ပစိဖိတ်ဒေသ စီးပွားရေးနှင့် လူမှုရေးကော်မရှင် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးတက်ရောက်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်း အာရှနှင့်ပစိဖိတ်ဒေသ စီးပွားရေးနှင့်လူမှုရေးကော်မရှင်(ESCAP) ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးစဉ်။(သတင်းစဉ်)

နေပြည်တော် မတ် ၂၀

အာရှနှင့်ပစိဖိတ်ဒေသ စီးပွားရေးနှင့် လူမှုရေးကော်မရှင်(ESCAP) ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးကို မတ် ၁၂ ရက်မှ ၁၆ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့ရာ အာရှနှင့် ပစိဖိတ်ဒေသနိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေး ဟူ၍ (၂)ပိုင်းခွဲကျင်းပရာ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖြစ် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းနှင့် အထွေထွေမန်နေဂျာ ဦးကြည်အေးတို့ တက်ရောက်ကြပြီး ဒုတိယဝန်ကြီး ဦးသန့်ရှင်းက မြန်မာနိုင်ငံ၏ ပို့ဆောင်ရေးကဏ္ဍတိုးတက်ဖြစ်ပေါ်မှုများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥတုရာသီ တောကိုပို၏

လှိုင်မြစ်အတွင်း အမှိုက်ပစ်မှုမရှိရန် တင်းကျပ်စွာ အစီအစဉ်ချလုပ်ဆောင်နေ

ရန်ကုန် မတ် ၂၀

လှိုင်မြစ်အတွင်းသို့ အမှိုက်ပစ်ချခြင်းများမပြုရန် အစီအစဉ်များချ၍ တင်းကျပ်စွာ လုပ်ဆောင်နေလျက်ရှိကြောင်း ဗားကရာကုန်စည်ဒိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ ကုန်စည်ဒိုင်ရှိ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ ယင်းကဲ့သို့ တင်းကျပ်စွာ စောင့်ကြပ်စစ်ဆေးမှုများဖြင့်ပါလုပ်ဆောင်နေခြင်းလည်း ဖြစ်သည်။ ယခင်က ပထမအကြိမ် စစ်ဆေးတွေ့ရှိပါက ဒဏ်ငွေကျပ်တစ်သောင်းနှင့် ဒုတိယအကြိမ်တွေ့ရှိပါက ဒဏ်ငွေကျပ်နှစ်သောင်း သတ်မှတ်အရေးယူလုပ်ဆောင်လျက်ရှိပြီး ယခုအခါ ပထမအကြိမ် စစ်ဆေးတွေ့ရှိပါက ဒဏ်ငွေကျပ်နှစ်သောင်းနှင့် ဒုတိယအကြိမ်စစ်ဆေးတွေ့ရှိပါက ဆိုင်ခန်းအငှားချထားခြင်းမှ ရုပ်သိမ်းသည်အထိ လုပ်ဆောင်သွားရန် စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ထိုပွဲရုံတွင် အုန်း၊ ငှက်ပျော၊ ကြံ အရောင်းဆိုင်များရှိပြီး စွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်၍ ၎င်းစွန့်ပစ်အမှိုက်များကို စပါးတင်း ၁၀၀၀ ဆံ့သည့် မော်တော်ကြီး သုံးစင်းဖြင့် တစ်ရက်လျှင်နှစ်ကြိမ်နှုန်း သိမ်းဆည်းလုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း၊ မြစ်တွင်းသို့ စွန့်ပစ်ခွင့်မရှိသည့်အပြင် မြစ်ကမ်းပလက်ဖောင်း ဘောင်ပေါ်သို့ပင် အမှိုက်များစုပုံထားခြင်းကို ခွင့်မပြုကြောင်း ၎င်းပုဂ္ဂိုလ်ကရှင်းပြသည်။ “စည်းကမ်းမဲ့စွန့်ပစ်မှုမရှိရအောင် ဗီနိုင်းဘုတ်တွေထောင်ပြီး အသိပေးထားတဲ့အပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့တွေက စောင့်ကြပ်ကြည့်ရှုမှုတွေနဲ့ တင်းတင်းကျပ်ကျပ်လုပ်ဆောင်နေတာဖြစ်ပါတယ်” ဟု ၎င်းကရှင်းပြသည်။

ထိုဗားကရာကုန်စည်ဒိုင်မှာ ကြည့်မြင်တိုင်မြို့နယ်အတွင်း လှိုင်မြစ်ကမ်း၌ရှိပြီး အုန်း၊ ငှက်ပျော၊ ကြံနှင့် အစားအစာများ ရောင်းချသည့် ဆိုင်ပေါင်း ၁၂၀ကျော်ရှိကြောင်းလည်း သိရသည်။ ထက်ခိုင်(စမ်းချောင်း)

ထိုင်းအငှားယာဉ်မောင်းတစ်ဦး ဒေါ်လာ ၄၁၀၀၀၀ တန် ရွှေထည်များကို ပိုင်ရှင်သို့ ပြန်လည်ပေးအပ်

ဗန်ကောက် မတ် ၂၀

ထိုင်းနိုင်ငံတွင် အသက် (၅၆)နှစ်ရှိ အငှားကားမောင်းသူတစ်ဦးသည် အမေရိကန်ဒေါ်လာ ၄၁၀၀၀၀ တန်ဖိုးရှိသည့် အလေးချိန် ၁၈ ပေါင်ရှိသော ရွှေထည်ပစ္စည်းများကို ပိုင်ရှင်သို့ မတ် ၁၆ရက်တွင် ပြန်လည်ပေးအပ်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

လွန်ခဲ့သည့်သုံးရက်က ရွှေပိုင်ရှင်သည် ၎င်း၏တက္ကစီကို ငှားစီးပြီး ကားပေါ်တွင် မေ့ကျန်ရစ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

၎င်းသည် ရွှေပိုင်ရှင်နှင့် အဆက်အသွယ်မရှိသည့်အတွက် ဗန်ကောက်မြို့အတွင်း နှစ်ရက်လုံးလုံးကားမောင်း၍ ရှာဖွေခဲ့သည်ဟု တက္ကစီမောင်းသူကပြောသည်။

အသက်အရွယ်အားဖြင့် ၆၀ရှိနေပြီဖြစ်သည့် ရွှေပိုင်ရှင်သည် ရဲစခန်းသို့ တိုင်ချက်ဖွင့်ထားကြောင်း၊ သတင်းစာများတွင် အဆိုပါရွှေပျောက်သတင်း ဖော်ပြထားကြောင်း သိရှိရပြီးနောက် ဆက်သွယ်ရေးအသံလွှင့်ဌာနသို့ ဆက်သွယ်ခဲ့သည်ဟု တက္ကစီမောင်းသူက ပြောသည်။

သို့သော် ရဲတပ်ဖွဲ့ကမူ တက္ကစီမောင်းသူအနေဖြင့် ရွှေများကို ပြန်လည်ပေးလိုစိတ်ရှိသည်ဆိုသည်ကို မယုံကြည်ကြောင်း ပြောသည်။

ယူဘွန်းရတ်ချတ်သနီမြို့မှ ရွှေဆိုင်ပိုင်ရှင်သည် ဗန်ကောက်မြို့ တရုတ်တန်း၌ ရွှေအရောင်းအဝယ်ပြုလုပ်ရန် ဇနီးဖြစ်သူနှင့် လာရောက်ခဲ့ခြင်းဖြစ်သည်။ ဗန်ကောက်မြို့မြောက်ပိုင်း မြို့စွန်ရပ်ကွက်သို့ မတ် ၁၃ ရက် ညနေပိုင်းတွင် တက္ကစီငှားစီးခဲ့ခြင်းဖြစ်သည်။

ယင်းကားပေါ်၌ ရွှေထည်များ အပြည့်ထည့်ထားသည့် အိတ်ကျန်ရစ်ခဲ့ကြောင်း သိလိုက်ပြီးနောက် ရရှိထားသူများ ပြန်လည်ပေးအပ်ပါက ဆုချီးမြှင့်မည်ဟု ကမ်းလှမ်းထားခဲ့သည်။

တက္ကစီမောင်းသူအား ဒေါ်လာ ၆၄၀၀ တန်ဖိုးရှိသည့် ရွှေထည်များအား ဆုချီးမြှင့်ခြင်းကို မတ် ၁၆ရက်က ရုပ်မြင်သံကြားတွင် ပြသခဲ့သည်။ **အင်တာနက်။**

မော်တာကျည်ပေါက်ကွဲ၍ ဆိုမာလီဒုက္ခသည် ခြောက်ဦးသေဆုံး

မိုဂါဒစ်ရှူး မတ် ၂၀

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့ သမ္မတနန်းတော်အနီးရှိ ဒုက္ခသည်စခန်းတစ်ခုအတွင်းသို့ မော်တာကျည်ဆန်များ ကျရောက်ပေါက်ကွဲသဖြင့် ခြောက်ဦးခန့်သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

အဲလ်ရှာဘတ်အစ္စလာမ္မစ်အုပ်စုက ၎င်းတို့သည် မော်တာကျည် တစ်ဒါဇင်ကျော်ခန့် ပစ်ခတ်ခဲ့ကြောင်း ပြောကြားခဲ့သည်။

အင်တာနက်။

ရထားဝန်ကြီးရာထူးမှ နုတ်ထွက်ကြောင်းကြေညာပြီး သတင်းစာဆရာများကို နှုတ်ဆက်နေစဉ်။

အိန္ဒိယတွင် ရထားလက်မှတ်စျေးနှုန်းမြှင့်လိုသည့်ကိစ္စ ပါတီက ကန့်ကွက်

နယူးဒေလီ မတ် ၂၀

အိန္ဒိယနိုင်ငံ၏ မီးရထားဝန်ကြီး ဒီနက်ရှ်ထရီဗီဒီသည် ခရီးသည်များ၏ ရထားစီးနင်းခနှုန်းထားများတိုးမြှင့်ရန် ၎င်း၏ဆုံးဖြတ်ချက်ကို ၎င်း၏ပါတီက ကန့်ကွက်သည့်အတွက် ဝန်ကြီးရာထူးမှ နုတ်ထွက်လိုက်ကြောင်း မတ် ၁၉ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

လွန်ခဲ့သည့်သီတင်းပတ်အတွင်းတွင် ရထားလက်မှတ်စျေးနှုန်းများမြှင့်တင်ခြင်းကို ဗဟိုအစိုးရ၏ အဓိကမဟာမိတ်ဖြစ်သော ၎င်း၏ ထရီနာမူးလ်ကွန်ဂရက်ပါတီက ဆန့်ကျင်ခဲ့သည်။

လက်မခံ

၎င်း၏ပါတီက ယင်းကဲ့သို့ စျေးနှုန်းများ မြှင့်တင်ရန်ဆုံးဖြတ်ချက်ကို ရုပ်သိမ်းစေလိုသည်။ သို့သော် ၎င်းကလက်မခံဘဲ ငြင်းဆိုခဲ့သည်။

အိန္ဒိယအစိုးရပိုင် မီးရထားလုပ်ငန်းသည် ရထားစင်းရေ ၇၀၀၀ ရှိ၍ နေ့စဉ်ခရီးသည် ၁၃ သန်းခန့်ကို ပို့ဆောင်ပေးလျက်ရှိသည်။

မတ် ၁၄ ရက်က ထုတ်ပြန်သော မီးရထားဌာန၏ ရသုံးမှန်းခြေငွေစာရင်းတွင် မီးရထားလက်မှတ်နှုန်းထားများကို တစ်ကီလိုမီတာလျှင် အများဆုံးပိုင်စာ ၃၀ မြှင့်တင်ရန် မစ္စတာထရီဗီဒီက ဆုံးဖြတ်ခဲ့သည်။ ၎င်း၏ ဌာနသည် ခက်ခဲသောအဆင့်တစ်ခုကို ဖြတ်သန်းလျက်ရှိသည်ဟု ၎င်းကပြောကြားခဲ့သည်။

သို့သော် ကြေညာချက်ထုတ်ပြန်ပြီး နာရီပိုင်းအကြာတွင် ထရီနာမူးလ်ကွန်ဂရက်ပါတီအကြီးအကဲ မာတာမာ ဘာနာဂျီးက ယင်းသို့စျေးနှုန်းမြှင့်တင်ခြင်းကို ဆန့်ကျင်ခဲ့ပြီး ရထားဝန်ကြီးအား ရာထူးမှနုတ်ထွက်စေရန် ကြိုးပမ်းခဲ့သည်။

မစ္စတာထရီဗီဒီသည် မစ္စဘာနာဂျီးနှင့် တွေ့ဆုံစကားပြောပြီးနောက် တနင်္ဂနွေနေ့ ညနေပိုင်းတွင် ဝန်ကြီးရာထူးမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။ **အင်တာနက်။**

အဏုမြူစက်ရုံများကို တစ်ဆင့်စီဖျက်သိမ်းသွားရန် ဂျပန်နိုင်ငံသားအများစု လိုလားဟု စစ်တမ်း၌ ဖော်ပြ

တိုကျို မတ် ၂၀

ဂျပန်နိုင်ငံသားအများစုသည် အဏုမြူဓာတ်အားပေးစက်ရုံများကို တစ်ဆင့်စီဖျက်သိမ်းသွားရန် လိုလားကြကြောင်း၊ သို့ရာတွင် ကာလတိုအားဖြင့် လျှပ်စစ်ဓာတ်အားဖူလုံမှုရှိစေရေးအတွက် အဏုမြူဓာတ်ပေါင်းဖိုအချို့ကို ပြန်လည်ဖွင့်လှစ်ပေးရန် ဆန္ဒရှိကြကြောင်း တိုကျိုရှင်ဘွန်းသတင်းစာက မတ် ၁၈ ရက်၌ ထုတ်ပြန်သော စစ်တမ်းတစ်ရပ်တွင် ဖော်ပြသည်။

ဂျပန်နိုင်ငံ၌ ဆူနာမီရေလှိုင်းနှင့် ဆက်နွှယ်နေသော အဏုမြူဘေးဥပဒ်ကျရောက်မှုဖြစ်ရပ် တစ်နှစ်ပြည့်မြောက်သည့် နှစ်ပတ်လည်အခါသမယတွင် တိုကျိုရှင်ဘွန်းသတင်းစာက အဆိုပါစစ်တမ်းလေ့လာချက်ကို ထုတ်ပြန်ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံ၌ အဏုမြူဓာတ်ပေါင်းဖိုစက်ရုံနှစ်ရုံကို ပြန်လည်ဖွင့်လှစ်ရန် သင့်၊မသင့် အစိုးရအဖွဲ့က မကြာမီဆုံးဖြတ်ရန် ရှိနေချိန်တွင် ယင်းစစ်တမ်းကို ထုတ်ပြန်ခဲ့သည်။

ဂျပန်နိုင်ငံ၌ အဏုမြူဓာတ်အားသုံးစွဲမှုကို တစ်ဆင့်စီဖျက်သိမ်းသွားရန် စစ်တမ်း၌ မေးမြန်းခံရသူ ၇၉ ဒသမ ၆ ရာခိုင်နှုန်းက သဘောထား ထုတ်ဖော်ပြောကြားကြောင်း ဂျပန်ပြည်သူ့သဘောထားစစ်တမ်းသုတေသနအဖွဲ့က ကောက်ယူသော စစ်တမ်းတွင် ဖော်ပြသည်။

ဂျပန်နိုင်ငံ၌ အဏုမြူဓာတ်ပေါင်းဖို ၅၄ လုံး ရှိသည့်အနက် လောလောဆယ်တွင် နှစ်လုံးကိုသာအသုံးပြုလျက်ရှိသည်။

အင်တာနက်။

ဂျပန်နိုင်ငံ၌ အဏုမြူဘေးအန္တရာယ် ကျရောက်ခဲ့သော ဖူကူရှီးမား အဏုမြူဓာတ်အားစက်ရုံကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

နေတိုးတပ်ဖွဲ့စစ်သုံးပစ္စည်းများ ပါကစ္စတန်နယ်စပ်၌ မှောင်ခိုရောင်းချနေ

အစ္စလာမ္မာဘတ် မတ် ၂၀

မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး) ကြည်းတပ်တပ်ဖွဲ့များ အသုံးပြုနိုင်ရန်ထုတ်ပေးထားသော စစ်သုံးကိရိယာပစ္စည်း အများအပြားကို ပါကစ္စတန်နိုင်ငံ၏ မှောင်ခိုစျေးကွက်၌ ပြန်လည်ရောင်းချလျက်ရှိကြောင်း ဗြိတိန်နိုင်ငံတွင်ထုတ်ဝေသော သတင်းစာတစ်စောင်က မတ် ၁၈ ရက်တွင် ရေးသားဖော်ပြသည်။

ပစ္စည်းအမျိုးမျိုး

နေတိုးတပ်ဖွဲ့ဝင်များသုံးစွဲနိုင်ရန် ထုတ်ပေးထားသော ဓားများ၊ ကျည်ကာအင်္ကျီများ၊ ကိရိယာများ၊ မီးရောင်ဖြင့်အချက်ပြသည့် ကိရိယာများ၊ ရှေးဦးသူနာပြုဆေးသေတ္တာများနှင့် ရုံးသုံးစာရေးကိရိယာများကိုပင်မကျန် ပစ္စည်းအမျိုးမျိုးကို မှောင်ခိုစျေးကွက်တွင်ပြန်လည်ရောင်းချနေကြောင်းဒေးလီးအိပ်စပရက်စ်သတင်းစာက ရေးသားဖော်ပြသည်။

ရောင်းချပေး

ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့ရှိ ကာသိုနိုစျေး၌ စစ်ဝတ်စုံများနှင့် စစ်ဘက်သုံးကိရိယာများကို အလွန်ချိုသာသော စျေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိကြောင်း သတင်းတွင်ဖော်ပြသည်၊ အဆိုပါမြို့သည် အာဖဂန်နယ်စပ်ဒေသအနီးတွင် တည်ရှိသည်။

ပါကစ္စတန်မှောင်ခိုစျေးကွက်၌ ရောင်းချနေသော စစ်ဘက်သုံးပစ္စည်းကိရိယာများကို ပါကစ္စတန်ဒေသခံများနှင့် နိုင်ငံခြားသားများပင်မကျန် ဝယ်ယူကြသည်ဆို၏။

နယ်စပ်ဒေသ၌ နေတိုးတပ်ဖွဲ့ထံပေးပို့သော စစ်သုံးကိရိယာများ တင်ဆောင်ထားသည့် လော်ရီကားများမှ ခိုးယူလုယက် ယူဆောင်ခြင်းခံခဲ့ရပြီး မှောင်ခိုစျေးကွက်တွင် ပြန်လည်ရောင်းချခြင်းဖြစ်သည်။ **အင်တာနက်။**

အမေရိကန်ရေတပ် တပ်ဖွဲ့ဝင်များ မောင်းသူမဲ့ မိုင်းရှင်းရေယာဉ်ငယ်ကို သင်္ဘောပေါ်မှ ချနေစဉ်။

အမေရိကန်ရေတပ်က ပါရှန်ပင်လယ်ကွေ့၌ ခံစစ်နှင့် ထိုးစစ်စွမ်းပကားများ မြှင့်တင်

ဝါရှင်တန် မတ် ၂၀

ကမ္ဘာပေါ်တွင် အရေးအပါဆုံးရေနံတင်ပို့ရာလမ်းကြောင်းတည်ရှိရာ ဟောမုဇ်ရေလက်ကြားကို ပိတ်ပစ်မည်ဟု အီရန်နိုင်ငံက ခြိမ်းခြောက်ခဲ့ပြီးနောက် အမေရိကန်ရေတပ်က ပါရှန်ပင်လယ်ကွေ့၌ ခံစစ်နှင့် ထိုးစစ်စွမ်းပကားများ မြှင့်တင်လျက်ရှိကြောင်း အထက်တန်း တာဝန်ရှိသူတစ်ဦးက မတ် ၁၈ ရက်တွင် ပြောကြားသည်။

ဖြန့်ကြက်မည်

အမေရိကန်ရေတပ်သည် မိုင်းဖုံးရှင်းလင်းရေး စစ်သင်္ဘောလေးစင်းကို ထပ်မံအားဖြည့်ပေးမည်ဖြစ်ပြီး ဆီးစတယ်လီယန်အမျိုးအစား ရဟတ်ယာဉ်နောက်ထပ်လေးစင်းကို ပါရှန်ပင်လယ်ကွေ့၌ ဖြန့်ကြက်မည်ဖြစ်ကြောင်း၊ အဆိုပါ စစ်ရဟတ်ယာဉ်များသည် မိုင်းဖုံးကိုထောက်လှမ်းပေးနိုင်သော စက်ကိရိယာများပါရှိကြောင်း ရေတပ်ဗိုလ်ချုပ် ဂျိုနသန်ဒဗလျူဂရင်းနက်က ပြောကြားသည်။

ပေးပို့မည်

အမေရိကန်ရေတပ်သည် မိုင်းဖုံးရှင်းလင်းရေး မောင်းသူမဲ့ရေယာဉ်များကိုလည်း ပါရှန်ပင်လယ်ကွေ့ရှိ အမေရိကန်တပ်ဖွဲ့ထံ ပေးပို့သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမေရိကန်သည် ပင်လယ်ကွေ့ဒေသသို့ ကင်းလှည့်ရေယာဉ်များကိုလည်း စေလွှတ်သွားရန် စီစဉ်ထားသည်။

အီရန်နိုင်ငံသည် ဟောမုဇ်ရေလက်ကြားကို ပိတ်ပစ်မည်ဟု အစောပိုင်းက ခြိမ်းခြောက်ခဲ့သည်။ လွန်ခဲ့သည့်နှစ်က ဟောမုဇ်ရေလက်ကြားကို ဖြတ်သန်းကာ နေ့စဉ် ရေနံစည် ၁၇သန်း တင်ပို့ခဲ့သည်။

အင်တာနက်။

ကျောင်းတော်ရာ-အင်းဒေါင်း-ပွင့်ဖြူ ကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲ ကျင်းပ

နေပြည်တော် မတ် ၂၀

(၆၇)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာ-အင်းဒေါင်း-ပွင့်ဖြူကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲအခမ်းအနားကို မတ် ၁၉ ရက် နံနက် ၉ နာရီတွင် အဆိုပါ လမ်းသစ်မုခ်ဦးရှေ့၌ ကျင်းပရာ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်နိုင်၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့် အလှူရှင် ဗိုလ်ချုပ်သူရသီဟသူရစစ်မောင်၏ ဇနီး ဒေါ်ခင်ဖြူဝင်းတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ကျောင်းတော်ရာ - အင်းဒေါင်း - ပွင့်ဖြူ ကျေးလက် ကျောက်ချောလမ်းသည် အရှည် ခုနစ်မိုင်၊ အကျယ် ၁၀ ပေရှိပြီး ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က စက်ယန္တရားကူညီကာ အလှူရှင်က ငွေကျပ်သိန်း ၃၈၀ အကုန်အကျခံ၍ ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပွင့်ဖြူမြို့နယ်ရှိ ကြီးအုံကြီးဝ ရေလှောင်တမံစီမံကိန်းနှင့် ဆည်တော်ရွာရှိ တောင်သူပညာပေး စံပြ ၁၀ ဧက စပါးစိုက်ကွက် မုန်းချောင်းရေသောက် စနစ် ပုလဲသွယ်မျိုး နွေစပါးစိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မတ် ၂၀

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်များ၊ ဌာနမှူးများ၊ ခရိုင်၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးများနှင့် ခရိုင်၊ မြို့နယ် တာဝန်ခံအင်ဂျင်နီယာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၁၂)ကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပရာ ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့် တက်ရောက်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အား ရုရှားစီးပွားရေးကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မတ် ၂၀

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဇော်ဝင်းအား ရုရှားနိုင်ငံ (Russian Entrepreneurs Association) Chairman Bulochnikov Anatoly ဦးဆောင်သော စီးပွားရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး **(အပေါ်ပုံ)** မြန်မာနိုင်ငံ၏ ပင်လယ်ကမ်းခြေဒေသများတွင် ဟိုတယ်စီမံကိန်းများ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးအဆင့် အရာထမ်းများစွမ်းရည်မြှင့်တင်ရေး မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၁၂) ဖွင့်ပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း အရာထမ်းများ စွမ်းရည်မြှင့်တင်ရေးမွမ်းမံသင်တန်း ဖွင့်ပွဲတက်ရောက်

နေပြည်တော် မတ် ၂၀

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးအဆင့် အရာထမ်းများစွမ်းရည်မြှင့်တင်ရေးမွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၁၂) ဖွင့်ပွဲကို မတ် ၁၉ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မိုးပွင့်အဆင့်(၂)စီမံချက်၊ ပြည်တွင်းပြောင်းရွှေ့သွားလာမှုစစ်တမ်း ကောက်ယူရေးနှင့် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရေးအတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများအခြေအနေနှင့် သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးအဆင့်ရှိ ဒုတိယတိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူးများနှင့်ခရိုင်ဦးစီးဌာနမှူးများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ နှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မိုးညှင်းမြို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးသက်ဦး မတ် ၈ ရက်က မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ နမ့်မွန်းကျေးရွာ၌ မိုးပွင့်အဆင့် (၂)စီမံချက်အရ ကွင်းဆင်းဆောင်ရွက်ခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၁၃ ကတ်အား ကျေးရွာရပ်မိရပ်ဖ ဦးဝင်းရွှေထံ ပေးအပ်စဉ်။ (လဝက)

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

မတ် ၂၀ ရက်က ဖြစ်ပွားခဲ့သော အီရတ်နိုင်ငံတစ်ဝန်း ဗုံးဖောက်ခွဲမှုများအနက် ကားဗုံးဖောက်ခွဲမှု ဖြစ်စဉ်တစ်ရပ်၏ မြင်ကွင်းကို တွေ့ရစဉ်။

အီရတ်နိုင်ငံတစ်ဝန်းတွင် ဗုံးဖောက်ခွဲတိုက်ခိုက်မှုများဖြစ်ပွား အနည်းဆုံး လူ ၄၉ ဦး သေဆုံးပြီး ၂၀၀ ကျော် ဒဏ်ရာရ

ဘဂ္ဂဒက် မတ် ၂၀

လာမည့်ရက်သတ္တပတ်တွင် ကျင်းပမည့် အာရပ်အဖွဲ့ချုပ် ထိပ်သီးအစည်းအဝေးအတွက် လုံခြုံရေးထူထပ်စွာ ဆောင်ရွက်နေသည့် ဘဂ္ဂဒက်မြို့တော်အပါအဝင် အီရတ်နိုင်ငံတစ်ဝန်းရှိ မြို့များ၌ မတ် ၂၀ ရက်က ဗုံးဖောက်ခွဲတိုက်ခိုက်မှု ၂၆ ကြိမ်ခန့်ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၄၉ ဦးသေဆုံးပြီး ၂၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။

ထိုနေ့က ဖြစ်ပွားခဲ့သော ဗုံးဖောက်ခွဲတိုက်ခိုက်မှုများအနက် လူအသေအပျောက်အများဆုံးဖြစ်ရပ်မှာ နိုင်ငံတောင်ပိုင်း ရှီးယိုက်မူဆလင်ဘာသာရေးမြို့တော် ကာဘာလာတွင် တစ်ဆက်တည်းဖြစ်ပွားခဲ့သော ဗုံးဖောက်ခွဲမှု နှစ်ကြိမ်ကြောင့်ဖြစ်ပြီး ယင်းပေါက်ကွဲမှုများကြောင့် လူ ၁၃ ဦး သေဆုံးခဲ့ကာ ၄၈ ဦးဒဏ်ရာရရှိခဲ့သည်။အဆိုပါ ပေါက်ကွဲမှုမှာ နံနက်ပိုင်း လူသွားလူလာများထူထပ်ချိန်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါဗုံးဖောက်ခွဲတိုက်ခိုက်မှုများ၏ ပစ်မှတ်အများစုမှာ ရဲတပ်ဖွဲ့၏ လုံခြုံရေးစစ်ဆေးရေးစခန်းများနှင့် လှည့်ကင်းကားများဖြစ်ပြီး ယခုပေါက်ကွဲမှုများသည် ဖေဖော်ဝါရီ ၂၃ ရက်က ဖြစ်ပွားခဲ့သော ပေါက်ကွဲမှုများနောက်တွင် အကြီးမားဆုံးဖြစ်ရပ်ဖြစ်သည်။ ဖေဖော်ဝါရီလအတွင်းက ဖြစ်ပွားခဲ့သော ဒါဇင်နှင့်ချီသော ပေါက်ကွဲမှုများ၌ လူ ၆၀ သေဆုံးခဲ့ရသည်။

အမ်အင်အေ၊ ရိုက်တာ

ပြင်သစ်နိုင်ငံ ဂျူးစာသင်ကျောင်းရှေ့ ပစ်ခတ်မှုဖြစ်ပွား ကလေးသုံးဦးနှင့် ကျောင်းဆရာတစ်ဦးသေဆုံး

တူလူစီ(ပြင်သစ်) မတ် ၂၀

ပြင်သစ်နိုင်ငံ အနောက်တောင်ပိုင်းရှိ တူလူစီမြို့မှ ဂျူးစာသင်ကျောင်းတစ်ကျောင်း၏ အပြင်ဘက်၌ တနင်္ဂနွေနေ့တွင် သေနတ်သမားတစ်ဦးက ပစ်ခတ်သဖြင့် ကလေးသုံးဦးနှင့် ကျောင်းဆရာတစ်ဦး သေဆုံးခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။

လေးဦးသေဆုံး

အိုဇာဟာတိုရတ်ဂျ်ကျောင်း၌ စာသင်ချိန်မစမီ အချိန်ပိုင်းတွင် တိုက်ခိုက်မှုဖြစ်ပွားခဲ့၍ အသက် (၃၀)အရွယ် လူကြီးတစ်ဦး၊ ၎င်း၏ သုံးနှစ်အရွယ်နှင့် ခြောက်နှစ်အရွယ် ကလေးနှစ်ဦးတို့ သေဆုံးကြောင်း၊ ၎င်းတို့မိသားစုနှင့်အတူ ရှစ်နှစ်နှင့် (၁၀)နှစ်ကြား ရှိမည့် နောက်ထပ်ကလေးတစ်ဦးလည်း သေဆုံးခဲ့ကြောင်း၊ (၁၇)နှစ်အရွယ် လူငယ်တစ်ဦးလည်း ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း အစိုးရရှေ့နေ မိုက်ကယ်ဗာလက်ကပြောသည်။

တစ်ဦးဒဏ်ရာရ

အဆိုပါကျောင်း၏ အစောင့်တစ်ဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း မျက်မြင်တွေ့သူများက သတင်းပေးသည်။

နံနက် ၈ နာရီမထိုးမီအချိန်တွင် ကျောင်းရှေ့သို့ မော်တော်ဆိုင်ကယ်တစ်စီးဖြင့် လူတစ်ဦး ရောက်ရှိလာရာ ဆိုင်ကယ်ပေါ်မှဆင်း၍ စတင်ပစ်ခတ်ကြောင်း ဗာလက်က ရှင်းပြသည်။

သေနတ်သမားက ၎င်း၏ရှေ့တွင်ရှိသော ကလေး လူကြီးမရွေး အားလုံးကို ပစ်ခတ်ကြောင်း၊ ကလေးများကို ကျောင်းအတွင်းသို့တိုင်အောင် လိုက်ပစ်ခဲ့သည်ဟု ၎င်းက ထပ်မံပြောကြားသည်။ လူသတ်သမားသည် မော်တော်ဆိုင်ကယ်စီး၍ အခင်းဖြစ်ရာနေရာမှ ထွက်ပြေးသွားသည်ဟု တာဝန်ရှိသူများက ပြောသည်။

အင်တာနက်။

အီတလီရဲအဖွဲ့က ဒုစရိုက်စစ်ဆင်မှု လူ ၆၀ ကို ဖမ်းဆီးထိန်းသိမ်း

ရောမ မတ် ၂၀

အီတလီရဲအဖွဲ့က မတ် ၁၉ ရက်တွင် နိုင်ငံတောင်ပိုင်း နေပယ်မြို့၌ ဒုစရိုက်မှုနှိမ်နင်းသည့် စစ်ဆင်ရေးတစ်ရပ်ကို ဆင်နွှဲခဲ့ရာ လူ ၆၀ ခန့်အား ဖမ်းဆီးခဲ့သည်ဟု အန်ဆာ သတင်းဌာနက ဖော်ပြခဲ့သည်။

ဒေသခံရှေ့နေများ၏ အဆိုအရ အဆိုပါအဖမ်းခံရသူများမှာ နေပယ်မြို့ခံ မာဖီးယားဂိုဏ်းကာမိုရာနှင့် ဆက်စပ်သည့် ရာဇဝတ်မှုများကျူးလွန်ခဲ့သည်ဟု သင်္ကာမကင်းမှုများနှင့် အကျင့်ပျက်ခြစားရာမှ ရရှိသောငွေကြေးများကို တရားဝင်ဖြစ်အောင် ငွေကြေးခဝါချမှုများ ကျူးလွန်သူများလည်း ပါဝင်သည်ဟု ဆိုသည်။

ဖမ်းဆီးခံရသူအများစုမှာ အခွန်ဆိုင်ရာတရားသူကြီး ၁၆ ဦးအပါအဝင် အများပြည်သူဆိုင်ရာ တာဝန်ရှိသူများနှင့် ထင်ရှားသော တက္ကသိုလ်ပါမောက္ခလည်းပါဝင်ကာ လက်ရှိတွင် ၎င်းတို့အား အကျဉ်းထောင်တွင် ထိန်းသိမ်းထားပြီး အချို့ကိုမူ နေအိမ်အကျယ်ချုပ်အဖြစ် ထားရှိသည်။

ယင်းစစ်ဆင်ရေးအတွင်း ရဲအဖွဲ့က ယူရိုငွေ တစ်ဘီလီယံဝန်းကျင် (အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံ)ခန့် တန်ဖိုးရှိသည့် ပိုင်ဆိုင်မှုပစ္စည်းများကို သိမ်းဆည်းခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

သွားရှိလျှင် သွားတိုက်ပါ၊ သွားမရှိလျှင် သွားစိုက်ပါ

ဒေါက်တာမိုလာ

ဒေါက်တာနိုးနှင့် မောင်အတ္တာဆိုသူနှစ်ယောက်သည် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် (၃၃)လမ်းရှိ လေထန်ကုန်းလက်ဖက်ရည်ဆိုင်တွင် စကားပြောနေကြပြီး ဒေါက်တာနိုးသည် အရာရာတိုင်းကို သိသလို၊ တတ်သလိုနှင့် စာပေဝိုင်းနှင့် လက်ဖက်ရည်ဝိုင်းများတွင် ဦးဆောင်ဆွေးနွေးဖြေရှင်းပေးလေ့ရှိသူတစ်ယောက် ဖြစ်သည်။ မောင်အတ္တာဆိုသူကား အညာအရပ်မှလာရောက်ပြီး စကားပြောတိုင်း စကားဦးမသန်းမီ "အတ္တာအတ္တာ" ပြောတတ်လွန်း၍ မောင်အတ္တာဟု လက်ဖက်ရည်ဝိုင်းတွင် နာမည်တွင်ပါသည်။

မောင်အတ္တာ ။ ဆရာရေ ကျန်းမာရေးနဲ့ပတ်သက်လို့ "အတ္တာ"အကြောင်း ပြောချင်တယ်။

ဒေါက်တာနိုး ။ ဘာလဲကွ . . . အတ္တာ . . . လာပြန်ပြီလား။

မောင်အတ္တာ ။ ဩော် . . . မှားသွားလို့ပါ အတ္တာဖြစ်ဖြစ်သွားတယ်။ ဒီလိုပါ လူတွေ သွားတိုက်တယ်လို့ပြောပြောပြီး သွားမကောင်းကြဘူး။ ဘတ်စ်ကားပေါ်မှာ၊ ဈေးတန်းတွေမှာလည်း ကြားကြားနေရတယ်။ ကြားရရင်လည်း ဆေးမြီးတိုလေးငုံပြီးထားတာနဲ့ သူတို့ကြည့်လိုက်ရင် ပါးစပ်တစ်ခုလုံးမှာ သွားနှစ်ချောင်းလောက်ပဲကျန်တော့တယ်။ အဲဒါဘာကြောင့်လဲ။

ဒေါက်တာနိုး ။ ဒါကဒီလိုရှိတယ်ကွ။ သွားကျန်းမာရေးပညာပေး အသိတရားတွေ မကျယ်ပြန့်လို့ဘဲပေါ့။ များများသိအောင် ဒီလိုသတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ တီဗွီ၊ ရုပ်ရှင်တွေထဲက နားဝင်အောင်၊ အသိတရားပြောင်းလဲအောင် လုပ်ပေးနိုင်ရင် လူတွေရဲ့အတွေးအခေါ်တွေ ပြောင်းသွားမယ်။

မောင်အတ္တာ ။ သွားတိုက်တာလေးများနဲ့ လူတွေရဲ့ အတွေးအခေါ် ဘာလို့ ပြောင်းလဲရမှာလဲ. . .

ဒေါက်တာနိုး ။ ပြောင်းတာပေါ့ကွ။ လူတွေရဲ့အသိမှား၊ အမြင်မှားတွေကို ဘယ်သူတွေက ပြုပြင်ပေးမှာလဲ။ လူတစ်ဦးတစ်ယောက်က ရောဂါဖြစ်လာရင်တော့ ဆေးရုံ၊ ဆေးခန်းသွားတဲ့အကျင့်နဲ့ ဖြစ်လာတဲ့ရောဂါကို ဆရာဝန်ကပြောတာပဲ မှတ်ထားလိုက်တယ်။ ဒါပဲ ပြီးသွားပြီလေ။

မောင်အတ္တာ ။ ဒါဆို ဒီလိုမလုပ်ရင် ဘာလုပ်ရမှာလဲ။ တခြားအတ္တာဘာရှိသေးလဲ။

ဒေါက်တာနိုး ။ ဘာအတ္တာမှမရှိဘူး။ ဆရာဝန်တစ်ယောက်ဆေးကုရင် လူနာတစ်ယောက်ကိုပဲ ရောဂါနဲ့ နွှယ်တာကိုပဲကုသနိုင်တယ်။ ဆရာဝန်တစ်ယောက်က ပညာပေးအနေနဲ့ ရေးတာတွေ၊ ပြောတာတွေ၊ စာပေတွေကနေ ဖော်ပြလိုက်ရရင် လူတစ်ယောက်တလေ မဖတ်ဖြစ်တာ၊ နားမထောင်ဖြစ်တာကို နုတ်လိုက်ရင် လူနာအယောက် ၁၀၀ မှာ ၄၀ လောက်ကတော့ ပညာပေးအသိတရားတွေ၊ ဆင်ခြင်စရာတွေ၊ မှားနေတဲ့အတွေးအခေါ်တွေ ပြောင်းလဲနေတာတွေ သိလာမယ်။ ဆရာစုံတွေကလည်း ရေးကြ၊ ပြောကြမယ်ဆိုရင် လောကကြီးမှာ ပြည်သူလူထု ကျန်းမာရေးတွေကောင်းလာမယ်။ ကြိုတင်ကာကွယ်ခြင်းက ကုသခြင်းထက် ထိရောက်တယ်ဆိုတဲ့ စကားလုံးတွေလည်း မှန်လာမှာပဲ။

မောင်အတ္တာ ။ ဒါတော့လည်း ဟုတ်တာပဲ. . . ဆရာ. . . ဒါနဲ့ ရေးသားပြောကြားသူက မှားနေရင် တော့ကော. . .

ဒေါက်တာနိုး ။ ဒါလည်းမင်းပြောသလိုပဲ "အတ္တာ" ဖြစ်ကုန်မှာပေါ့။ မင်းကိုယ်တိုင်ပဲ တွေးကြည့်တော့ပေါ့. . .

မောင်အတ္တာ ။ ဆရာပဲပြောပါတော့. . .

ဒေါက်တာနိုး ။ စာရေးဆရာ **စာရေးမှားခဲ့ရင်တိုက်ပွဲတဲ့**။ ဘယ်ဟာက မှန်တယ်၊ မှားတယ်အငြင်းပွားနေတော့ တာပဲကို။

မောင်အတ္တာ ။ ဩော် ဒီလိုလား. . . ကဲဆရာ သွားကောင်းအောင်ဘာလုပ်ရမှာလဲ ပြောပြပါတော့။

ဒေါက်တာနိုး ။ ဒေါက်တာမိုလာကတော့ သွားရှိရင်သွားတိုက်ပါ။ သွားမရှိရင် သွားစိုက်ပါတဲ့။ ဒါဆို သွားရောဂါကို ကာကွယ်ပြီးသားပဲတဲ့။

မောင်အတ္တာ ။ ဘယ်လိုကြီးလဲ၊ သွားရှိရင်သွားတိုက်တာနဲ့ သွားမရှိတာနဲ့ သွားစိုက်တာနဲ့ကောင်းရောလား၊ ဒါလေးပဲလား။

ဒေါက်တာနိုး ။ ကျန်တဲ့ကူးစက်ရောဂါတွေတော့ မပါဘူးပေါ့ကွာ၊ သွားကောင်းဖို့ပဲပေါ့။ လူတွေမှာ သွားမရှိတဲ့အချိန် ဘယ်အချိန်လဲပြောပါဦး။

မောင်အတ္တာ ။ ကလေးတွေဆိုရင် မွေးဖွားပြီး ခြောက်လမတိုင်မီနဲ့ သက်ကြီးလာတဲ့အခါ သွားရောဂါကြောင့် သွားနုတ်ထားလို့ (ဒါမှမဟုတ်)သွားတွေကျွတ် ထွက်သွားတဲ့အခါတွေမှာသွားမရှိဘူးပေါ့။ ဒီအချိန်ကတော့ တစ်ယောက်နဲ့တစ်ယောက် မတူဘူးပေါ့။

ဒေါက်တာနိုး ။ အေး-နောက်ဆုံးတော့ ပြန်ပြီးခြုံပြောရရင် လူတစ်ယောက်ရဲ့ အသက်ရှင်နေထိုင်တဲ့ ဘဝတစ်ခုမှာ သွားရှိတဲ့သူနဲ့ သွားမရှိသူပဲ ထွက်လာတော့တာပဲလေ။ သွားရှိတဲ့သူက သွားကိုပိုပြီးကောင်းမွန်အောင် သွားကျန်းမာရေးအသိတရားနားလည်ပြီး ဂရုစိုက်ရင် ကောင်းနေတဲ့သွားက ပိုကောင်းမှာပဲ။ သွားမရှိတဲ့သူ ရှိလာအောင် ပြန်ဖြည့်ဆည်းပေးရင် ပြန်ပြီးတော့အသုံးဝင်လာမှာ၊ သွားမရှိတဲ့ဆိုးကျိုးဆိုတာရှိပြီး သွားရှိတဲ့ဆိုးကျိုးဆိုတာ နည်းပါတယ်။

မောင်အတ္တာ ။ ကဲပါဆရာရယ် သွားရှိတဲ့သူတွေအကြောင်း စပြောပါတော့။

ဒေါက်တာနိုး ။ သွားရှိတဲ့သူတွေမှာက ဖြစ်နိုင်တဲ့ရောဂါက နှစ်မျိုးရှိနိုင်တယ်ကွာ။ သွားပိုးစားရောဂါနဲ့ သွားဖုံးရောဂါပဲပေါ့။ ဒီရောဂါတွေရဲ့ အခြေခံကလည်း အဓိကဖြစ်ပွားရတဲ့ အကြောင်းရင်းကတော့ သွားမတိုက်လို့ဘဲပေါ့။

မောင်အတ္တာ ။ သွားပိုးစားရောဂါကိုပဲ အရင်ပြောပါတော့။ ဘယ်ကစဖြစ်ပြီး ဘာလုပ်ရင်ပျောက်မလဲပေါ့။ ပြီးတော့ သွားဖုံးရောဂါပြောပေါ့ဆရာ။

ဒေါက်တာနိုး ။ မင်းက ငါ့ကိုဆရာလုပ်နေပြန်ပြီ။

မောင်အတ္တာ ။ ဆရာပိုပြီး ရှင်းရတာလွယ်အောင်လို့ပါ. . . ခွဲခြားပြောတော့ တန်းပြီး နားလည်တာပေါ့. . .

ဒေါက်တာနိုး ။ ဒီလိုကွာ. . . သွားဟာ မွေးကတည်းကတော့ အကောင်းပေါ့။ နောက်ပိုင်းကျ သွားတွေက အပေါက်တွေပေါ်လာတယ်။ ဒီသွားပေါက်တွေကို သွားပိုးစားလို့ပြောပြီး ဆေးမြီးတိုတွေ၊ အကိုက်အခဲပျောက်ဆေးတွေ၊ ငုံဆေးတွေနဲ့ ကြားဖူးနားဝနဲ့ လုပ်နေကြတာပဲ။ ဒီတော့ သွားပိုးစားပေါက်ကနေ မဖြစ်သင့်တာတွေ ဖြစ်တာပေါ့။ နောက်ဆက်တွဲတွေလည်း ခံစားရတာပေါ့။

မောင်အတ္တာ ။ ဘာလဲ နောက်ဆက်တွဲဆိုတာက. . .

ဒေါက်တာနိုး ။ အမေရိကန်နိုင်ငံရဲ့ ကလေးအများစု ကျောင်းပျက်တဲ့အကြောင်းရင်းက သွားကိုက်လို့တဲ့။ သွားကိုက်ပြီဆိုရင် ဘယ်လိုခံစားချက်နဲ့မှ မတူတဲ့အတွက် အရေးပေါ်ဆေးတွေနဲ့ လုပ်ချင်တာတွေလုပ်ကြတယ်။ ဒီတော့ မဖြစ်သင့်တာတွေဖြစ်တယ်။ သွားပိုးစားတာရဲ့ နောက်ဆက်တွဲက သွားကိုက်သွားနာတာအပြင် အစားစားမရတာတွေ၊ ညအိပ်မရတာတွေ၊ အလုပ်လုပ်လို့မရတာတွေ။ နောက်ပြီး သွားဖုံးရောင်မယ်၊ သွားလှုပ်လာမယ်၊ သွားမြစ်ဝန်းကျင်မှာ ပြည်တည်မယ်၊ ရောင်ရမ်းမယ်၊ တစ်ခါတလေ မျက်နှာတွေပါ ရောင်ရမ်းလာမယ်၊ တစ်ခါတလေ တချို့က ပါးစပ်ဟမရလို့ ရောဂါကိုကုဖို့အတွက် ရိုးတွင်းရောင်ရမ်းတာတွေပါ ဖြစ်လာရင် မျက်နှာဘက်ကနေ ခွဲစိတ်ရတယ်။ ပထမဆုံးအမေရိကန်သမ္မတကြီး ဂျော့ဝါရှင်တန်ဆိုရင် သွားမကောင်းလို့ သွားမရှိဘူး။ အံသွားက မျက်နှာပြောင်းတာ မသိသာပေမယ့် ရှေ့သွားကြရင်တော့ မျက်နှာတွေ၊ ဥပမိတွေ ပြောင်းသွားတာပဲလေ။

မောင်အတ္တာ ။ ဒီလိုဆိုတော့ ကြောက်စရာကြီး။ ဒီတော့ ရောဂါဖြစ်နေတဲ့သွားကို ကောင်းအောင် ဘာလုပ်ရမှာလဲ။

ဒေါက်တာနိုး ။ ကိုယ့်သွားကို မှန်မှာစစ်ဆေးကြည့်ရမယ်။ အပေါက်တွေရှိနေရင် ကြိုတင်ဖာထေးရမယ်။ နောက်ပြီး ကျန်တာတွေ နာလာတာတွေ ရှိလာရင် ဆရာဝန်ဆီ အကြံဉာဏ်ရယူရမယ်။ စောစောရောက်လေ ကောင်းလေပဲဟေ့။ တကယ်လို့ နောက်ကျနေရင်တော့ တခြားမနုတ်ရတဲ့နည်းကိုလည်း တိုင်ပင်ခံယူသင့်တယ်။

မောင်အတ္တာ ။ ဒါနဲ့ဆရာ သွားပိုးစားရောဂါက ဘာလို့ဖြစ်လာရသလဲ။

ဒေါက်တာနိုး ။ လူတွေက ပုံမှန်နေ့စဉ်သွားမတိုက်ဖြစ်ကြဘူးလေ။ ဒီတော့ စားထားတဲ့ သွားမျက်နှာမှာ ကပ်တွယ်နေတဲ့ စားကြွင်းစားကျန်တွေက စေးကပ်တယ်ဆိုရင် ကြာလာတော့ အချဉ်ဖောက်တဲ့နည်းဖြစ်စဉ်နဲ့ သွားပိုးစားပေါက်ဖြစ်လာတာတဲ့။ ပိုးကောင်က စားတာတော့ လုံးဝမဟုတ်ဘူး။

မောင်အတ္တာ ။ သွားဖုံးရောဂါဖြစ်တာကော။

ဒေါက်တာနိုး ။ သွားဖုံးရောဂါလည်း အဓိကအကြောင်းရင်းကတော့ သွားမတိုက်လို့ဘဲ။ သွားမတိုက်တော့ နေ့စဉ်နဲ့အမျှ သွားမျက်နှာပြင်နဲ့ သွားဖုံးဝန်းကျင်တွေမှာ ပလပ်နဲ့ ဗက်တီးရီးယားနဲ့စုပြီး အဆိပ်အတောက် (Toxin) တွေ ထွက်လာပြီး သွားဖုံးရောင်ရောဂါဖြစ်တယ်။ သွားဖုံးရောင်ရောဂါကနေ သွားဖုံးနဲ့သွားအမြေးပါးတွေ ရောင်ရမ်းနာကျင်ပြီး သွားကျဉ်လာတာနဲ့ ကျွတ်ထွက်သွားတာပဲ။

မောင်အတ္တာ ။ ရှေ့ပြေးခံစားရတာမရှိဘူးလား။

ဒေါက်တာနိုး ။ ရှိတော့ရှိတာပေါ့။ ထူးခြားတာက သွားပိုးစားရောဂါလိုမဟုတ်ဘူး။ နာခြင်း၊ ကိုက်ခြင်း မရှိဘူးလေ။ ဒီတော့ ဘာကိုမှမကြောက်ဘူးပေါ့။ တခြားအချက်က သွားတွေမှာ သွားဖုံတွေက သွေးထွက်တယ်။ သွားဖုံးတွေနီရဲတယ်။ သွားဖုံးကိုကြည့်ရင်လည်း ဖောင်းကြွပြီး ကျန်းမာတဲ့သွားဖုံးနဲ့ နှိုင်းယှဉ်ကြည့်ရင် သိသိသာသာကြီး ကွဲပြားတယ်။

မောင်အတ္တာ ။ ဒီလိုပဲ ဘယ်လိုလုပ်မလဲ။

ဒေါက်တာနိုး ။ သွားပိုးရောဂါဖြစ်ဖြစ်၊ သွားဖုံးရောဂါပဲဖြစ်ဖြစ် ဘာမှမဖြစ်ခင်မှာ သွားတိုက်ရမှာပဲ။ ဒါကြောင့် သွားရှိရင် သွားတိုက်ပါလို့ ပြောတာပေါ့။

မောင်အတ္တာ ။ သွားတိုက်တာက ဘာထူးဆန်းတာရှိလို့လဲ။ နေ့တိုင်းလုပ်နေတာပဲလေ။

ဒေါက်တာနိုး ။ သွားတိုက်တာက ပြောရတာတော့ လွယ်တယ်ကွ၊ လက်တွေ့ကြ မလုပ်ဖြစ်တာ ခက်ခဲတယ်။ သွားတိုက်တဲ့အခါ အချက်တွေရှိတာပဲ။

မောင်အတ္တာ ။ ဘာအချက်တွေလဲဆရာ။

ဒေါက်တာနိုး ။ နေ့စဉ်လည်း ဖြစ်ရမယ်။ အချိန်မှန်လည်းဖြစ်ရမယ်။ ပြီးတော့ သွားတိုက်တဲ့စနစ်ကလည်း မှန်ရမယ်ကွ။ ဒီလိုပြောတော့ ခက်ခဲလာတော့တာပေါ့။ နေ့တိုင်းမှတ်ထားကွာ။ သွားတိုက်ရင်(၁)နေ့စဉ်နေ့တိုင်း နံနက်စာစားပြီးတစ်ကြိမ်နဲ့ အိပ်ရာမဝင်မီတစ်ကြိမ်။ စနစ်မှန် သွားတိုက်ပေးဖို့ပဲ။(၂)စနစ်မှန် သွားတိုက်ပေးပါဆိုတာ သွားတော့တိုက်ပါတယ်။ သွားတိုက်တဲ့စနစ်မှားလို့ မဖြစ်ဘူးလေ။ သွားရဲ့မျက်နှာပြင်ပေါ်မှာ သွားတိုက်တံကို ၄၅ စောင်းပြီး အပေါ်အောက်ဆွဲချတဲ့နည်းနဲ့ တိုက်ပေးရမယ်။ ကန့်လန့်ဖြတ် သွားမတိုက်ရဘူး။ (၃)သွားမျက်နှာပြင်မှာရှိတဲ့ သွားပိုးစားပေါက်တွေ ဖာထေးရမယ်။ သွားနဲ့ သွားဖုံးကြားမှာရှိတဲ့ ကျောက်ခဲတွေ၊ ပလပ်တွေ ဖယ်ထုတ်ရမယ်။ သွေးထွက်နေတယ်ဆိုပြီး သွားဖုံးမျက်နှာပြင်ကို ညှာညှာတာတာမတိုက်ရဘူး။ ပုံမှန်သွေးထွက်နေပေမယ့် သွားနဲ့ သွားဖုံးတော့ တိုက်ပေးရမယ်။ (၄)အစားစားပြီးတိုင်း သွားမတိုက်ရင်တောင်မှ ပလုတ်ကျင်းပေးတာ၊ အရည်ရွှမ်းတဲ့ အသီးအနှံတွေ စားပေးရမယ်။ (၅)အချဉ်ပါတဲ့ အစားအစာတွေကို ပါးစပ်ထဲမှာ ကြာရှည်မထားရဘူး၊ အရည်ကို သောက်လိုက်မယ်ဆိုရင်တောင် ပိုက်နဲ့စုပ်ပြီး သောက်ရမယ်။ အချဉ်စားပြီးတဲ့အခါတိုင်း သွားမတိုက်ရဘူး။(၆)သွားမျက်နှာပြင် သန့်စင်ဖို့ မီးသွေး၊ ဆားကြမ်း၊ သဲ၊ ဆပ်ပြာတွေနဲ့ သွားမျက်နှာကို ကြမ်းကြမ်းတမ်းတမ်း အသုံးပြု မတိုက်ရဘူး။(၇)သွားတိုက်တံကို စုတ်ဖွာနေရင် အသုံးမပြုသင့်တော့ဘူး၊ သွားတိုက်တံကို သုံးလလောက်ပဲ အသုံးပြုသင့်တယ်။ ပြီးရင်တော့အသစ်တစ်ချောင်း ဝယ်သုံးရတော့မှာပဲ။ ကွမ်း၊ အရက်၊ ဆေးလိပ်သောက်တဲ့ အလေ့အကျင့်တွေ လျှော့ရမယ်၊ ပါးစပ်ထဲမှာ ခဲတံ၊ ဆေးတံတွေကို ကိုက်တဲ့အကျင့် ဖျောက်ရမယ်။(၈)အသုံးပြုတဲ့သွားတိုက်ဆေးမှာလည်း ဖလိုရိုဒ်ပါရမယ်။ ဖလိုရိုဒ်က သွားပိုးစားတာကို ကာကွယ်ပေးတယ်။ ကလေးတွေအတွက် သွားတိုက်ဆေးကို အသုံးပြုမယ်ဆိုရင်တောင် ပဲကြီးစေ့လောက်ပဲ သုံးရမယ်။ ကလေးကလည်း ပြန်ထွေးတတ်ရမယ်။ ဒါမှ ဖလိုရိုဒ်ပါတဲ့ သွားတိုက်ဆေးက ပါးစပ်ထဲကို မျိုမချမိမှာ၊ ဒါလောက်ဆိုရင်တော့ သွားတိုက်တာလေးကို အရေးမကြီးဘူးလို့ ပြောချင်သေးလား။

မောင်အတ္တာ ။ မပြောတော့ပါဘူး။ နောက်တစ်ခုရှိသေးတယ်။ သွားမရှိတာနဲ့ ဘာလို့ သွားစိုက်ခိုင်းတာလဲ။

ဒေါက်တာနိုး ။ အေး. . . မင်းတို့သိတာ ဒါလေးပဲကိုး။ စနစ်မှန် သွားစိုက်လိုက်ရင် ဈေးကြီးလည်း တစ်ကြိမ်ပဲပေါ့။ သွားတစ်ချောင်း နုတ်ပြီးတယ်ဆိုရင် သွားရဲ့ ရှေ့ဘက်၊ နောက်ဘက်၊ ပေါ်ဘက်၊ အောက်ဘက်စတဲ့ ဆန့်ကျင်ဘက်သွားတွေက ယိုင်တာတွေ၊ လဲသွားတာတွေ ဖြစ်သွားတာပဲ၊ ပြီးမသွားဘူး။ နောက်ဆက်တွဲက အစာညပ်တာတွေ၊ သွားပိုးစားတာတွေ၊ ဘယ်၊ ညာ မညီတာတွေ မျက်နှာပုံပန်းသဏ္ဌာန် ပြောင်းလဲတာတွေ၊ အားလုံးကို မကောင်းတော့တာတွေ ဖြစ်လာတော့တယ်။ အဆိုးဆုံးကတော့ နုတ်ပြီးသားသွားတွေကို ချက်ချင်းမစိုက်ဖြစ်တာဟာ ကြာမှစိုက်ရင် စိုက်ရတာခက်ခဲတာတွေ၊ သွားတွေကျွတ်လွယ်လာတာတွေ၊ ပါးစပ်ထဲမှာ တစ်ချောင်းကနေ တစ်ချောင်း၊ တစ်ချောင်းပြီးတစ်ချောင်း ဆက်လာတာနဲ့ သွားတွေမကျန်တော့ဘူး။ တကယ်လို့သာ သွားနုတ်ပြီးပြီးချင်း စိုက်ဖြစ်ရင်တော့ နဂိုသွားအနေအထားက နဂိုသွားအတိုင်းရှိနေမှာပဲ၊ ပြောင်းလဲတာတွေ မရှိဘူး။ သွားပျက်စီးတာနည်းမယ်။ သွားရှိပြီး သွားမစိုက်လို့ ပျက်စီးတာအပြင် သွားမရှိလို့ သွားမစိုက်တာနဲ့ ပျက်စီးဆုံးရှုံးတာတွေဟာ လက်ချိုးရေလို့ရတယ်ကွ၊ ဒီတော့ သွားမစိုက်တာနဲ့ ဆိုးကျိုးကိုလည်း စဉ်းစားဖို့ လိုလာပြီးပေါ့၊ ဒါဆိုရင်နားလည်လား။

မောင်အတ္တာ ။ ရှင်းသွားပြီးဆရာ၊ ဘာမှတော့မဟုတ်ဘူး။ မဟုတ်တာကို မလုပ်ဖြစ်တာများတယ်နော်။

ဒေါက်တာနိုး ။ လူဆိုတာတကယ်တမ်းကျ မသိလို့၊ နားမလည်းကြလို့ မလုပ်ဖြစ်ကြတာ၊ ဘယ်လိုနေရတယ်၊ ဘာတွေဖြစ်လာမယ်ဆိုတာတွေဟာ အကြောင်းနဲ့အကျိုးတရား ဆင်ခြင်တုံတရားတွေကို သဘောပေါက်ကြပါတယ်။ သိရင်သိတဲ့အတိုင်းလည်း လိုက်နာကြတာပဲ။ ဒီတရားတွေက အမှန်တွေနဲ့ ဆိုးကျိုးတွေနဲ့ နောက်ဆက်တွဲတွေ ပြောပြနိုင်ရင် ပါးစပ်ထဲမှာရှိနေတဲ့ သွားတွေဟာ ရောဂါကင်းဝေးပြီး ကျန်းမာတဲ့သွားတွေရှိနေမှာပဲ။ ဒါကြောင့် **ပြုံးအလှနောက်မှာ လှပသောသွားနဲ့ သန့်ရှင်းကျန်းမာသော သွားရှိရေးကို သွားရှိသူများက သွားတိုက်ပြီး သွားမရှိသူများက သွားစိုက်ခြင်းဖြင့် လောကအလှ၊ သဘာဝအလှကို ပြုံးပြုံးလေးနဲ့ အလှဆင်ကြပါစို့**လို့ ပြောချင်တာပေါ့။

မောင်အတ္တာ ။ ကောင်းလိုက်တာဆရာရယ်. . . . . ။ ။

ကြေးမုံမြင်ကွင်း

ရန်ကုန်မြို့အတွင်း ယခုရက်ပိုင်းတွင် ယာဉ်စည်းကမ်း လမ်းစည်းကမ်းများကို စနစ်တကျ ပညာပေးဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိသည်ကို မြင်တွေ့နေရသလို မြို့လယ်မီးပွိုင့်မိသည့်နေရာတွင် ကုန်ပစ္စည်းတင်တွန်းလှည်း ကားများအလယ်တွင် ပိတ်မိ၍ ထွက်မရဖြစ်နေသည်မှာ ---------

ရန်ကုန်မြို့၌ လူကူးမျဉ်းကျားမှ လမ်းမကူးသူများကို ပညာပေးအရေးယူမှုဖြင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းထိန်းသိမ်းမှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ အချို့ စည်းကမ်းလိုက်နာမှု မရှိသူများက ဖုန်းပြောရင်း လမ်းကူးနေမှုကို တွေ့ရှိရသည်မှာ ---------

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၁-၃-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်

၈း၁၀ ၂။ "ပြည်နယ်ရိက္ခာတိုးပွားဖူလုံ ရှမ်းရိုးမမွေးမြူရေးဇုန်"

၈း၂၅ ၃။ (၆၇)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်

၇း၀၅ ၄။ "ဒီမိုမွေးနေ့" (ရှက်တယ်၊ နိုင်လူ၊ ဝါးခယ်မရဲမောင်၊ ဇော်ဝင်းနိုင်၊ အေးအေးခိုင်၊ အိဖြိုးချယ်ရီ) (ဒါရိုက်တာ-အကယ်ဒမီဇော်မြင့်ဦး)

၈း၀၀ ၅။ ပြည်တွင်းသတင်း

၆။ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်

၇။ ပျော်ရွှင်ရင်ခုန်ပြကွက်စုံ

၈။ နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး" (အပိုင်း-၄၀)

၉။ မြန်မာရုပ်ရှင် "ဝေလည်းမွှေး၊ကြွေလည်းမွှေး" (ကျော်ဟိန်း၊ ဒွေး၊ တင့်တင့်ထွန်း၊ မြင့်မြင့်ခိုင်) (ဒါရိုက်တာ-ခင်မောင်ဦး၊စိုးသိမ်းထွဋ်)

ညပိုင်း

၃း၁၅ ၁။ AFC CUP 2012 Group Stage ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် [ရောဝတီယူနိုက်တက်အသင်း (မြန်မာ)နှင့် Kelantan အသင်း (မလေးရှား)]

၆း၂၀ ၂။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့

၆း၃၅ ၃။ ရွှေရင်ခုန်သံ

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသော ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ

ချင်းပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားများအတွက် ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးလျက်ရှိသော ပြည်သူ့ဆေးရုံကြီး(ဟားခါး)(အပေါ်ပုံ)နှင့် ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီး ပြင်ပလူနာဌာန(ဝဲပုံ)တို့ကို တွေ့ရစဉ်။

နယ်စပ်ဒေသနေ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝပေးလျက်ရှိသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် တည်ဆောက်ဖွင့်လှစ်ပေးထားသော အထွေထွေရောဂါကုဆေးရုံကြီးကို သန့်ရှင်းသပ်ရပ်စွာ တွေ့ရစဉ်။

* ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်း တစ်ချိန်က ခေတ်နောက်ကျကျန်ရစ်ခဲ့သော ဒေသများအား ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးကဏ္ဍကိုလည်း အလေးထား မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။
* ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ဆေးရုံများ အသစ်တည်ဆောက်ပေးခြင်း၊ ဆေးရုံများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ပေးခဲ့သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန်အတွက် တည်ဆောက်ဖွင့်လှစ်ပေးထားသော လွိုင်လင်ခရိုင် ခုတင်(၂၀၀)ဆံ့ အထူးကုဆေးရုံကြီးကို တွေ့ရစဉ်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း ဒေသဖွံ့ဖြိုးရေး တွေ့ဆုံဆွေးနွေးပွဲ တက်ရောက်

နေပြည်တော် မတ် ၂၀

နိုင်ငံတစ်နိုင်ငံ၏ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပညာရေးကဏ္ဍသည် အဓိကမဏ္ဍိုင်တစ်ရပ်ဖြစ်၍ ဒေသခံပြည်သူများအနေဖြင့် မိမိတို့၏ သားသမီးများ၊ မျိုးဆက်သစ်များအား အရည်အချင်းပြည့်သည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာအောင် ပြုစုပျိုးထောင်ပေးရန် လိုအပ်ကြောင်းဖြင့် မတ် ၁၈ ရက်တွင် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ဆင်စွယ်ကျေးရွာ၌ ကျင်းပသည့် ဒေသဖွံ့ဖြိုးရေး တွေ့ဆုံဆွေးနွေးပွဲတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်မှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၏ဇနီးက ဆင်စွယ်ကျေးရွာ အလယ်တန်းကျောင်း(ခွဲ)မှ ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံများနှင့် စေတနာရှင်များက ပညာရေးငွေပဒေသာပင်များ လှူဒါန်းကြသည်။

ဆက်လက်၍ မြိုင်မြို့နယ် သီးတုန်းကျေးရွာ၌ ကျင်းပသည့် ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်ပွဲနှင့် အဆောက်အအုံလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားနှင့် ညောင်ကုန်းကျေးရွာ၌ ကျင်းပသည့် အခြေခံပညာမူလတန်းလွန်ကျောင်းမှ အလယ်တန်းကျောင်း(ခွဲ)အဖြစ် ဖွင့်လှစ်ခွင့်ပြုသည့် ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုလွှာပေးအပ်ပွဲအခမ်းအနားတို့သို့ တက်ရောက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒေသဖွံ့ဖြိုးရေးအတွက် စက်ယန္တရားများဖြင့် လမ်းဖောက်လုပ်နေမှုများ၊ အလယ်ကန်ကျေးရွာအုပ်စု ထန်းနောင်သုံးပင်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗုဒ္ဓသာသနာ နှစ်(၂၆၀၀)ပြည့် အထိမ်းအမှတ် သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၀

အလယ်တန်းအဆင့် လူငယ်များအတွက် သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲ ပထမအဆင့် ရေး၊ ဖြေစာမေးပွဲကို ဧပြီ ၈ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ ဖြေဆိုခွင့်လျှောက်လွှာများကို e-mail ဖြင့်ဖြစ်စေ၊ လျှောက်လွှာပုံစံဖြင့်ဖြစ်စေ မတ် ၃၁ ရက် နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း၊ လျှောက်လွှာတွင်အမည်၊ အသက်၊ မွေးသက္ကရာဇ်၊ အဖအမည်၊ ဆက်သွယ်ရန်လိပ်စာ (e-mail ဖုန်းနံပါတ်)တို့ ပါရှိရန် လိုကြောင်း၊ ဖြေဆိုမည့်သူများသည် သာသနာရေးဦးစီးဌာနက ထုတ်ဝေထားသော ဗုဒ္ဓဘာသာကောင်းတစ်ယောက်စာအုပ်နှင့် ဗုဒ္ဓဘာသာတရားတော် (အခြေခံအဆင့်) စာအုပ်တို့ကို လေ့လာထားရန်နှင့် ယခုစာမေးပွဲမှ ထူးချွန်သူများသည် ရေးဖြေ/နှုတ်ဖြေစာမေးပွဲများ အဆင့်ဆင့်ကို ဆက်လက်ဖြေဆိုကြရမည်ဖြစ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက နီးစပ်ရာ Sky Net ရုပ်/သံရုံးခွဲများ ဖုန်း- ၀၉-၇၃၁၉၃၃၃၁၊ webs dhamma-schools.com,e-mail; thutasone-lin @gmail.comနှင့် ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်း သိမ်ကြီးဈေး (စီ)ရုံ အဆောင်-၄(ပထမထပ်) ရွှေတိဂုံဘုရားလမ်း ဖုန်း-၀၁-၃၈၂၉၃၅၊ ၀၉-၅၀၇၉၆၇၄၊ ၀၉-၅၁၄၇၉၉၈နှင့် ၀၉-၅၀၁၅၄၄၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (လှိုင်ဘွား)

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်စုပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဒုတိယဥက္ကဋ္ဌ Mr. Zhu Longsheng ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်အား ပြည်ပဧည့်သည်များတွေ့ဆုံ

ရန်ကုန် မတ် ၂၀

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်စုပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဒုတိယဥက္ကဋ္ဌ Mr. Zhu Longsheng ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ရန်ကုန်တိုင်းဒေသကြီးနှင့် ကျန်စုပြည်နယ်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စများကို ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်နှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အလားတူ တိုင်းဒေသကြီးဝန်ကြီးချုပ်အား Japan International Cooperation Agency (JICA) မှ မြို့ပြအခြေခံအဆောက်အအုံဆိုင်ရာ အကြံပေး Mr. Masahiko SUZUKI ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နံနက် ၁၁ နာရီတွင်လာရောက်တွေ့ဆုံပြီး ရန်ကုန်မြို့ ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စများကို ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ရန်ကုန်မြို့တော်ဝန် တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်၊ တိုင်းဒေသကြီးသစ်တောနှင့် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဦးကျော်စိုး၊ တိုင်းဒေသကြီးစီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းမြင့်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက ဦးဆောင်ဖွဲ့စည်းတည်ထောင်သော ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းအဖွဲ့သို့ Capt. ဝင်းမြင့်သိန်း-မနီလာမိသားစုက ငွေကျပ် သိန်း ၃၀ လှူဒါန်းရာ အသင်းဒုတိယဥက္ကဋ္ဌ ဦးကျော်မင်း(ရွှေပြည်နန်း) လက်ခံစဉ်။ (ကြေးမုံ)

အာဆီယံပေါင်းစည်းမှုဆိုင်ရာ ကနဦး ကြိုးပမ်းဆောင်ရွက်ချက် အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်အပိုင်း(၂) အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် မတ် ၂၀

အာဆီယံ ပေါင်းစည်းမှုဆိုင်ရာ ကနဦး ကြိုးပမ်းဆောင်ရွက်ချက် အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ် အပိုင်း(၂)အစီအစဉ်အရ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြတ်တော်ဝင်ဟိုတယ်၌ကျင်းပရာ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် နယူးဇီလန်နိုင်ငံတို့မှ တာဝန်ရှိသူများက အမှာစကားပြောကြားကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို အာဆီယံ ပေါင်းစည်းမှုဆိုင်ရာ လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေသည့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များအား စီမံကိန်းအဆိုပြုလွှာများအပေါ် ဝေဖန်ပိုင်းခြားမှု တိုးတက်လာစေရန်နှင့် သီးခြားစီမံကိန်းများကို ပိုမိုစုစည်းမှုစွမ်းရည် တိုးတက်လာစေရန် စသည့်အချက်အလက်များကို ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ရာ မြန်မာနိုင်ငံအတွက် အကျိုးရှိစေမည့် အလုပ်ရုံဆွေးနွေးပွဲဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ နယူးဇီလန်နိုင်ငံမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူပညာရှင်တစ်ဦးနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်တစ်ဦးတို့က မတ် ၂၀ ရက်မှ ၂၂ ရက်အထိ ဆွေးနွေးပို့ချပေးမည်ဖြစ်ပြီး ဝန်ကြီးဌာနကိုးခုမှ သင်တန်းသား ၂၅ ဦးတို့ တက်ရောက်ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

အာဆီယံ ပေါင်းစည်းမှုဆိုင်ရာ ကနဦး ကြိုးပမ်းဆောင်ရွက်ချက် အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ် အပိုင်း(၂)အစီအစဉ်အရ အလုပ်ရုံဆွေးနွေးပွဲကျင်းပစဉ်။ (သတင်းစဉ်)

မသန်စွမ်းသူများ စိတ်ဓာတ်မြှင့်တင်ရေးနှင့် ဗဟုသုတအမြင်ပွင့်လင်းရေး စာပေဟောပြောမည်

ရန်ကုန် မတ် ၂၀

မသန်စွမ်းသူများဖြင့် ဖွဲ့စည်းထားပြီး မသန်စွမ်းသူများဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသော ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)၏ မသန်စွမ်းသူများ စိတ်ဓာတ်မြှင့်တင်ရေး၊ စာပေအသိပညာနှင့် ဗဟုသုတအမြင် ပွင့်လင်းရေး စာပေဟောပြောပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ ယုဒသန်ရိပ်သာ၌ မတ် ၂၃ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပမည်ဖြစ်သည်။ ယင်းစာပေဟောပြောပွဲတွင် ဆရာချစ်ဦးညို၊ ဆရာမစမ်းစမ်းနွဲ့(သာယာဝတီ)၊ ဆရာမောင်သာချိုနှင့် ကျောင်းဆရာကိုကိုဝင်း (စာရေးဆရာ)တို့က ဟောပြောမည်ဖြစ်ပြီး မသန်စွမ်းသူများသာမက စိတ်ဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် စာပေဟောပြောပွဲဖြစ်မြောက်ရေးအတွက် အလှူငွေများကို ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) ရုံးချုပ် ဖုန်း-၀၁-၂၃၀၀၃၂၉၊ ၂၃၀၀၃၃၂ နှင့် ၂၁၅၉၃၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ရန်ကုန်မြို့ ဗဟန်းမြို့နယ်နေ ဦးအေးမောင်သန်း(ညွှန်ကြားရေးမှူး-ငြိမ်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန)က ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ဆောက်လုပ်နေသောသံဃာဆေးကုသဆောင်သစ်ကြီးတွင် အသုံးပြုရန် ငွေကျပ်ငါးသိန်းတန်ဖိုးရှိ စတီးဆွမ်းတင်လှည်းတစ်စီးလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။ (သတင်းစဉ်)

မန္တလေးတွင် စစ်ကျန်ဗုံးသီးဟောင်းပေါက်ကွဲမှုဖြစ်ပွားရာမှ သုံးဦးသေဆုံး

နေပြည်တော် မတ် ၂၀

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် (ဇ)ရပ်ကွက်ရှိ နိုင်စိုးပိုင်-၂ သံရည်ကျိုအလုပ်ရုံ၌ မတ် ၁၉ ရက် နံနက် ၁၁ နာရီတွင် သံထည်အဟောင်းများ ရှင်းလင်းရာမှ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ယင်းအလုပ်ရုံမှ အလုပ်သမား သုံးဦး သေဆုံးခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ မတ် ၁၉ ရက် နံနက် ၁၁ နာရီတွင် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် (ဇ)ရပ်ကွက် (၆၈ လမ်းနှင့် ၆၉ လမ်းကြား) သခင်ဖိုးလှကြီးလမ်း အကွက်အမှတ်(နန ၂၃/ဘီ)ရှိ နိုင်စိုးပိုင်-၂ သံရည်ကျိုအလုပ်ရုံ၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ပြီး စက်ရုံအလုပ်သမား ကိုမိုး(ဘ) ဦးမင်းစိုးနှင့် စိုးမင်းသူ(ဘ) ဦးအောင်ငွေတို့ နှစ်ဦးမှာ နေရာတွင်ပင် သေဆုံးခဲ့ကြောင်း၊ ချစ်ကောင်း(ဘ) ဦးတင်နွယ်မှာ ခြေနှစ်ဖက်နှင့် ဦးခေါင်းတွင် ဒဏ်ရာများရရှိခဲ့သဖြင့် ဆေးရုံသို့ ပို့ဆောင်ကုသခဲ့ရာမှ ဆေးရုံ၌သေဆုံးခဲ့ကြောင်း၊ အဆိုပါ အလုပ်သမား သုံးဦးသည် သံထည်များဖျက်ရန်အတွက် ထုနှက်ရာမှ ယမ်းအနည်းငယ်ပါသည့် စစ်လက်ကျန်ဗုံးသီးဟောင်းငယ်တစ်ခုခုကို ထုရိုက်မိသဖြင့် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်ဟု ကျွမ်းကျင်သူများကသုံးသပ်ကြောင်း သိရသည်။

အခင်းဖြစ်ပွားရာသို့ ဒေသအာဏာပိုင်များနှင့် လုံခြုံရေးတာဝန်ရှိသူများ ရောက်ရှိစစ်ဆေးရာ ယမ်းပါ အမြောက်ကျည်ဆန်ဟောင်း နှစ်လုံး၊ ယမ်းမပါ အမြောက်ကျည်ဆန်ဟောင်းမျိုးစုံ ခြောက်လုံး၊ အမြီးဒလက်ပါ ယမ်းမပါ ဗုံးသီးဟောင်းမျိုးစုံသုံးလုံး၊ အမြီးတွင် ပို့ကျည်ဒလက်ပါဗုံးသီးဟောင်းတစ်လုံး၊ ယမ်းမပါဗုံးသီးဟောင်း မျိုးစုံခြောက်လုံး၊ လေယာဉ်ပေါ်မှပစ်ချရသော ဗုံးသီးထိပ်ဖူးဟောင်းတစ်ခုနှင့် ကျည်ထိပ်ဖူးဟောင်းနှစ်ခုစသည့် စစ်လက်ကျန်ပစ္စည်းဟောင်းများ၊ သေဆုံးသူများအနီးမှ ခြောက်ပေါင်တူတစ်လက်နှင့် သံထည်အဟောင်းများကို တွေ့ရှိရသဖြင့် သက်ဆိုင်ရာက လိုအပ်သည့် လုံခြုံမှုဆိုင်ရာ အစီအမံများဆောင်ရွက်ပေးခဲ့ပြီး ဖြစ်စဉ်နှင့် ပတ်သက်၍ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၆၇)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

- ☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဦးတည်ချက်များကို စွဲမြဲစွာခံယူစောင့်ထိန်းရေး။
- ☆ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး။
- ☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် တပ်မတော်၏ အဓိကတာဝန်ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေး။
- ☆ နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်တည်ဆောက်ရေး။

နိုင်ငံတော်ဓာတ်အားကွန်ရက်သို့ ထုတ်လုပ်ပေးလျက်ရှိသည့် ရဲနွယ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအား အစဉ်ထိန်းသိမ်း

နေပြည်တော်　　မတ်　　၂၀

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းသည် မတ် ၁၉ ရက် ညနေပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်ရှိ ရဲနွယ်ရေလှောင်တမံသို့ သွားရောက်ပြီး တမံအတွင်း ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားမှုနှင့် ရေထိန်းတံခါး ကြံ့ခိုင်ထိန်းသိမ်းရေးလုပ်ငန်းများကို လည်းကောင်း၊ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံလုပ်ငန်းများ၊ ဆွစ်ယာဒ်နှင့် စက်ရုံရေထုတ်မြောင်း (Tail-Race Channel) တို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းတိုင်း လုပ်ငန်းများ စွမ်းဆောင်မှုအရည်အသွေးတိုးတက်အောင် အမြဲတမ်းလေ့ကျင့်ဆောင်ရွက်ရေးနှင့် စက်စွမ်းအားပြည့် မောင်းနှင်နိုင်ရန် ဓာတ်အားပေးစက်များ ကြံ့ခိုင်ရေး စဉ်ဆက်မပြတ် ထိန်းသိမ်းဆောင်ရွက်ရေးတို့ကို မှာကြားခဲ့သည်။

ရဲနွယ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် စက်တပ်ဆင်အင်အား ၂၅ မဂ္ဂါဝပ်ရှိပြီး တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၂၃ သန်းကို နိုင်ငံတော်ဓာတ်အားကွန်ရက်စနစ်အတွင်းသို့ ထုတ်လုပ်မောင်းနှင်ပေးလျက်ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပထမအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ

နေပြည်တော်　　မတ်　　၂၀

ပထမအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန် အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်နှင့် လွှတ်တော်ကိုယ်စားလှယ် ၂၇ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်း(၅)ခု မေးမြန်းဖြေကြားခြင်း၊ ၂၀၁၂-၂၀၁၃ ခုနှစ် တနင်္သာရီတိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်းဥပဒေကြမ်းအား အတည်ပြုခြင်း၊ အဆို(၂)ခုနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် အတည်ပြုခြင်းတို့ကို ဆောင်ရွက်ပြီး အစည်းအဝေးကို နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာ့မီဒီယာလောက ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

ရန်ကုန်　　မတ်　　၂၀

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO) တို့ ပူးပေါင်းကျင်းပသော Conference on Media Development in Myanmar အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့အစီအစဉ်ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ချက်ထရီယမ်ဟိုတယ်၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ ဆွေးနွေးပွဲအစီအစဉ် စတုတ္ထပိုင်းကို ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်နှင့် DW-AKADEMIE's Media Development မှ အဖွဲ့ခေါင်းဆောင် Dr. Helmut Osang တို့က သဘာပတိအဖြစ် ဆောင်ရွက်ကြပြီး Fojo Media Institute, Linnaeus University မှ International Director, Mr. Johan Romare က "Formal Journalism education versus on-the-job capacity development and why training often fails" စာတမ်းကို လည်းကောင်း၊ Media Trainer ဦးရဲနိုင်မိုးက "Capacity building for journalists in myanmar-major challenges, needs and opportunities" စာတမ်းကို လည်းကောင်း၊ Asian Institute of Journalism and Communication (AIJC), Philippines; မှ ဥက္ကဋ္ဌ Mr. Ramon P. Tuazon က "Towards a Competency-based Continuing Education Programme for Myanmar Journalists" စာတမ်းကိုလည်းကောင်း ဆွေးနွေးကြပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ ဆွေးနွေးပွဲအစီအစဉ် ပဉ္စမပိုင်းကို ကျင်းပရာ Media Trainer ဦးရဲနိုင်မိုးနှင့် Fojo Institute မှ ဒါရိုက်တာ Mr. Johan Romare တို့က သဘာပတိအဖြစ် ဆောင်ရွက်ကြပြီး International Federation of Journalists (IFJ) Executive Committee, Asia/Pacific မှ အဖွဲ့ဝင် Mr. Christopher John Warren က "Shaping Journalism-how journalists work together"ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Mizzima Media မှ Founder and Managing Director ဦးစိုးမြင့်က "Collective Responsibilites of different media stakeholders in strengthening democratic transition" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Asia, Internews မှ Regional Director, Mr. Oren Murphy က "Rights and Ethics of the journalist in democratic transition" ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ဖြေကြားကြသည်။

ယင်းနောက် ဆဋ္ဌမပိုင်းဆွေးနွေးပွဲတွင် Myanmar Egress ဥက္ကဋ္ဌ ဦးတင်မောင်သန်းနှင့် Pak Institute for Peace Studies, Islamabad မှ ဒါရိုက်တာ Mr. Muhammad Amir Rana တို့က သဘာပတိအဖြစ် ဆောင်ရွက်ကြပြီး Mediterranean Region and Asia, Canal France International-Canal France International (CFI) မှ ဒါရိုက်တာ Mr. Eric Soulier က "Can media help building durable peace and development ? The CFI experience in Africa, Middle East and Asia" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ The People's Age Journal မှ စာရေးဆရာနှင့် အကြံပေးအယ်ဒီတာ ဦးစိုးသိမ်း(မောင်ဝံသ)က "On-going peace negotiations in Myanmar and the role of media" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Inter Press Service-Asia Pacific မှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Johanna Son က "Reporting Development and Public Journalism in the Context of Peace building" ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းကြရာ စာတမ်းရှင်များက ပြန်လည်ဖြေကြားကြသည်။

ထို့နောက် International Media Support မှ အမှုဆောင်ညွှန်ကြားရေးမှူး Mr. Jesper Hojberg နှင့် Adviser for Communication & Information in Asia, UNESCO မှ Ms. Susanne Ornager တို့က သဘာပတိအဖြစ် ဆောင်ရွက်ကြပြီး Pyoe Pin Program, Myanmar မှ Ms. Lyndal Barry နှင့် Open News Weekly ဂျာနယ်အယ်ဒီတာချုပ် ဦးသီဟစောတို့က အလုပ်ရုံဆွေးနွေးပွဲနှင့် စပ်လျဉ်းသည်များကို ဆွေးနွေးကြပြီး ညနေပိုင်းတွင် အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(UNESCO)တို့ ပူးပေါင်းကျင်းပသော Conference on Media Development in Myanmar အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့အစီအစဉ် ဆက်လက်ကျင်းပစဉ်။ (သတင်းစဉ်)

တီဘီရောဂါကာကွယ်စောင့်ရှောက်ရေး အသိပေးရှင်းလင်းပွဲနှင့် သင်တန်းဖွင့်ပွဲကျင်းပ

ပျော်ဘွယ်　မတ်　၂၀

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးနှင့် ကမ္ဘာ့ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော လူထုအခြေပြု တီဘီရောဂါကာကွယ်စောင့်ရှောက်ရေး စီမံချက်လုပ်ငန်း အသိပေးရှင်းလင်းပွဲနှင့် စေတနာ့ဝန်ထမ်းကြက်ခြေနီတို့အတွက် တီဘီရောဂါကာကွယ်စောင့်ရှောက်ရေး သင်တန်း ဖွင့်ပွဲအခမ်းအနားကို မတ် ၁၂ ရက် မွန်းလွဲ ၂ နာရီတွင် ပျော်ဘွယ်မြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပျော်ဘွယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ခင်မောင်စိုးနှင့် ဌာနဆိုင်ရာဦးစီးမှူးများ၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သန်းလွင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဒေါက်တာရှုကြည်နှင့် တာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ထွေးနှင့် အသင်းဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ ဒု-တပ်ရင်းမှူး သန်းဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက်များမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ဆေးရုံအုပ်ကြီး ဒေါက်တာသန်းလွင်က ပျော်ဘွယ်မြို့နယ်၏ တီဘီရောဂါအခြေအနေကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဒေါက်တာရှုကြည်က လူထုအခြေပြု တီဘီရောဂါကာကွယ်စောင့်ရှောက်ရေး စီမံချက်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ သင်တန်းကို ဆက်လက်ပို့ချခဲ့သည်။

အဆိုပါ သင်တန်းသို့ စေတနာ့ဝန်ထမ်း ကြက်ခြေနီတပ်ဖွဲ့ဝင် သင်တန်းသား သင်တန်းသူ ၂၀ တို့ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ မတ် ၁၄ ရက်အထိ သုံးရက်ကြာဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။ (ဖုန်းနိုင်-ပျော်ဘွယ်)

ရဝေနွယ်အသစ်

ရဝေနွယ်(အင်းမ) ရေးသားထားသော ရဝေနွယ်အသစ်စာအုပ်ကို ပထမအကြိမ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

ဆိုင်ရာမဂ်အဆင့်ဆင့်ကို မရကြသေးသော ပုထုဇဉ်အများစုမှာ အကုသိုလ်တစ်ခုခုကို သိလို့ပဲဖြစ်ဖြစ်၊ မသိလို့ပဲဖြစ်ဖြစ် ကျူးလွန်မိတတ်ကြသည်။ ကျူးလွန်ပြီးနောက်ပိုင်း နောင်တများလည်း ပူးတွဲရတတ်ကြသည်။ နောင်တနှင့်အတူ ဘယ်လိုလုပ်ရမလဲဆိုသောအဖြေကိုလည်း စဉ်းစားတတ်ကြသည်။ ၎င်းအဖြေကို စာအုပ်ထဲတွင် ဖြေပြထားသည်။ စာအုပ်ကို နေလစာပေ အမှတ်(၁၉၂) ပထမထပ်(၃၁)လမ်း(ထက်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့က ငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။

ကျွန်တော့်အမြင် ရောင်စုံတိမ်ပန်း

စာရေးသူအောင်နိုင်မြင့်၏ ကိုယ်တွေ့ဝတ္ထုတိုများကို စုပေါင်းတင်ပြထားသည့် စာအုပ်ဖြစ်သည်။ ထိုစာအုပ်တွင် ပြည်တွင်း ပြည်ပ အတွေ့အကြုံများ၊ စိတ်ကျန်းမာရေး သိမှတ်ဖွယ်ရာများ၊ ဘဝနေနည်းနှင့် ဓမ္မပုံရိပ်အတွေးအမြင်များကို စုစည်းတင်ပြထားသည်။ ကျွန်တော့်အမြင် ရောင်စုံတိမ်ပန်း ကိုယ်တွေ့ဝတ္ထုတိုများ၊ ကိုယ်တွေ့ဆောင်းပါးများနှင့် ကိုယ်တွေ့ဓမ္မပုံရိပ် အတွေးအမြင်များစာအုပ်ကို ပုလဲစာပေက တန်ဖိုးငွေကျပ် ၁၀၀၀ ဖြင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။

လူဝင်စားနှင့် စိတ်နယ်လွန်ဖြစ်ရပ်ဆန်းများ

ဆရာတိုးထက်၏ လူဝင်စားနှင့် စိတ်နယ်လွန်ဖြစ်ရပ်ဆန်းများစာအုပ်ကို ရန်အောင်စာပေမှ ဖြန့်ချိလိုက်သည်။ လူဝင်စားများစာအုပ်တွင် ထင်ရှားသောသုတေသီက "လူ၏ ကိုယ်ခန္ဓာပျက်စီးသေဆုံးသော်လည်း ဝိညာဉ်သည် ဆက်လက်ရှင်သန်လျက်ရှိနေကြောင်းကို နောက်ဆုံး ဤနည်းစနစ်ဖြင့်သာလျှင် သက်သေအထောက်အထားများ ရနိုင်လိမ့်မည်ဟု ယူဆရပါကြောင်း" ဖော်ပြထားပြီး ကမ္ဘာ့အရပ်ရပ်တွင် ၎င်းရှာဖွေလေ့လာတွေ့ရှိထားသော လူဝင်စားများအကြောင်းကို စာရေးသူက ပြန်လည်တင်ပြထားခြင်းဖြစ်သည်။ စာအုပ်တစ်အုပ်လုံးတွင် လူဝင်စားဖြစ်ရပ်မှန်များအကြောင်းကို တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ရန်အောင်စာပေမှ တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။

ကိုရီးယား-မြန်မာဝေါဟာရ

ကိုရီးယားနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် သွားလာသောမြန်မာများအတွက် အလွယ်တကူ လေ့လာရန် သင့်တော်သော စာအုပ်ကောင်း တစ်အုပ် ဖြစ်သည်။

နိုင်ငံအမည်၊ နေ့စွဲ၊ အလုပ်အကိုင်၊ လူ၊ ကိုရီးယားပြည်နယ်၊ အဆောက်အအုံ၊ ဝတ်စုံ၊ ဆေးအမည်၊ လုပ်ငန်းခွင်သုံး ဝေါဟာရ၊ အခန်းတွင်း ပစ္စည်းများ၊ ဘဏ်၊ စာရေးကိရိယာနှင့် သက်ဆိုင်သော ဝေါဟာရများကို ကိုရီးယားစာနှင့် ကိုရီးယားအသံထွက်တို့ ပါဝင်ပြီး တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် မဇ္ဈိမစာပေ အမှတ်(၂၃၇) (၃၉)လမ်း (ပထပ်-ဝဲ)အပေါ်ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့မှ ဖြန့်ချိသည်။

အသက် ၁၀၀ နေလိုပါသလား

ကြည်လွင်မြင့်(မုဒြာ) ရေးသားထားသော အသက် ၁၀၀ နေလိုပါသလားစာအုပ်ကို ပထမအကြိမ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

ကျန်းကျန်းမာမာနှင့် လူ့သက်တမ်းစေ့နေနိုင်စေရန်အတွက် ကျန်းမာရေးဆိုင်ရာ အသိဉာဏ်၊ ဗဟုသုတ၊ လက်တွေ့လိုက်နာရမည့် အလေ့အကျင့်များကို ဖော်ပြထားသည်။ ကောဋ္ဌာသများကို တလွဲသုံးမိ၍၊ သတိမထားမိ၍ ပျက်စီးရခြင်း၊ ရောဂါရခြင်းမှ ရှောင်လွဲနိုင်စေရန် နေ့စဉ် လိုက်နာကျင့်ကြံရမည့်အချက်များ ပါဝင်သည်။ စာအုပ်ကို အလင်းသစ်စာပေ တိုက်(၆) အခန်း(၄၀၄) ညောင်တန်းအိမ်ရာ ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့မှ ငွေကျပ် ၁၂၀၀ ဖြင့် ဖြန့်ချိသည်။

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဦးမျိုးမြင့်က မတ် ၂ ရက်တွင် အမှတ်(၃၅) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၆၅ ကတ်ကို ရပ်ကွက်အုပ်ချုပ်ရေးမှူးသို့ ပေးအပ်စဉ်။ (လဝက)

ရောဝတီယူနိုက်တက်နှင့် မလေးရှားကလပ်ကီလန်တန် သုဝဏ္ဏကွင်း၌ ယနေ့ ယှဉ်ပြိုင်ကစားမည်

ရန်ကုန် မတ် ၂၀

2012 AFC Cup အုပ်စုအဆင့်(ပ-ကျော့)ပွဲစဉ်တွေကို မတ် ၂၁ ရက်(ယနေ့) ဆက်လက်ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။ မြန်မာနေရှင်နယ်လိဂ်ကိုယ်စားပြု ရန်ကုန်ယူနိုက်တက်အသင်းဟာ အဝေးကွင်းပွဲစဉ်အဖြစ် ဗီတီဇင်အသင်းအခြေစိုက်ရာ ဟောင်ကောင်ကို သွားရောက်ကစားရမှာဖြစ်ပြီး ရောဝတီယူနိုက်တက်ကတော့ အိမ်ကွင်းအဖြစ် သုဝဏ္ဏကွင်းမှာ မလေးရှားကလပ် ကီလန်တန်(အောက်ပုံ)**ကို ဧည့်ခံကစားရမှာပဲဖြစ်ပါတယ်။ မြန်မာကလပ်နှစ်သင်းစလုံးဟာ အုပ်စုအဖွင့်ပွဲစဉ်တွေမှာ တစ်မှတ်စီရခဲ့ကြပြီး ပထမဆုံးအတွေ့အကြုံကို အတန်အသင့်ကျေနပ်မှုနဲ့ စတင်နိုင်ခဲ့ကြပါတယ်။**

ပြီးခဲ့တဲ့ အုပ်စုအဖွင့်ပွဲစဉ်တွေမှာ မြန်မာကလပ်နှစ်သင်းစလုံးရဲ့ ယှဉ်ပြိုင်မှုကို ပြန်ကြည့်မယ်ဆိုရင် အနိုင်ရလဒ်တောင် ရရှိနိုင်လောက်တဲ့အထိ အခွင့်အရေးကောင်းတွေရရှိခဲ့ကြပါတယ်။ အင်ဒိုနီးရှားမြေမှာ ဒုတိယပိုင်း အချိန်ပြည့်နီးပါး ရောဝတီအသင်း တစ်ယောက်အသာနဲ့ အနိုင်သုံးမှတ်သိမ်းပိုက်ခွင့် ရပေမယ့်လည်း အတွေ့အကြုံအားနည်းမှုနဲ့ အဝေးကွင်းဖိအားကြောင့် လိုချင်တဲ့အမှတ် မရနိုင်ခဲ့ပါဘူး။ ဒီလိုပါပဲ ရန်ကုန်အသင်းကလည်း ကိုယ့်ပရိသတ်ရှေ့မှာ ထိုင်းကလပ်ချောင်ဘူရီကို နောက်ဆုံးမိနစ် ချေပဂိုးသာမပေးခဲ့ရရင် ပွဲဦးထွက်ကို အနိုင်နဲ့ ဖွင့်နိုင်မှာပါ။ ကြည်လင်းရဲ့ သေချာပေါက်ဂိုးဝင်ခဲ့ရင်၊ ရှေ့တန်းကမီလန်အပိုင်ဂိုးသွင်းခွင့်တွေ မဖြုန်းတီးပစ်ခဲ့ရင် ရန်ကုန်သုံးမှတ် အိတ်ထဲထည့်သွားမှာပါ။

ရောဝတီယူနိုက်တက်-ကီလန်တန်

မြန်မာ့မြေမှာ ရောဝတီကို ရင်ဆိုင်ဖို့လာရောက်မယ့် မလေးရှားစူပါလိဂ်ကလပ် ကီလန်တန်အသင်းအကြောင်းကို မိတ်ဆက်ပေးဖို့လိုပါလိမ့်မယ်။ ဒီအသင်းဟာ လက်ရှိမလေးရှား စူပါလိဂ် အမှတ်ပေးဇယားထိပ်ဆုံးက ဦးဆောင်နေတဲ့အသင်းဖြစ်ပြီး ယမန်နှစ် မလေးရှားစူပါလိဂ်မှာ ဗိုလ်စွဲခဲ့တဲ့အသင်းပါ။ ရန်ကုန်ယူနိုက်တက်အသင်းနည်းပြဟောင်း ပီတာဘတ်လတ္တာဟာ ကီလန်တန်အသင်းကို နည်းပြချုပ်အဖြစ် ကိုင်တွယ်ခဲ့ပေမယ့် ရလဒ်တွေဆိုးရွားခဲ့လို့ ရာထူးကနေထုတ်ပယ်ခံခဲ့ရပြီး လက်ရှိအချိန်မှာတော့ ခရိုအေးရှားနည်းပြ ဘိုဂျန်ဟိုဒက်က နည်းပြချုပ်အဖြစ် ကိုင်တွယ်လျက်ရှိပါတယ်။ ကီလန်တန်အသင်းဟာ အခုနောက်ပိုင်းနှစ်တွေမှာ မလေးလိဂ်ရဲ့ အင်အားကြီးအသင်းတစ်သင်းဖြစ်လာပေမယ့် AFC Cup ပြိုင်ပွဲကိုတော့ ယခုနှစ်မှ ပထမဆုံးအကြိမ် ယှဉ်ပြိုင်ဖူးတာပါ။

မလေးရှားလက်ရွေးစင် အများစုရယ် လက်ဘန္ဒန်၊ ဂါနာအပါအဝင် ဥရောပကစားသမားတွေနဲ့ ဖွဲ့စည်းထားတဲ့ ကီလန်တန်အသင်းဟာ အသင်းကောင်းတစ်သင်းဖြစ်ပေမယ့် လက်ရှိအချိန်မှာတော့ ခြေစွမ်းယိမ်းယိုင်လျက်ရှိကာ ပြည်တွင်းပွဲစဉ်တွေမှာလည်း သရေပွဲတွေ များပြားလျက်ရှိပြီး မလေးလိဂ်မှာလည်း နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်းပွဲစဉ် နှစ်ပွဲဆက်တိုက် နိုင်ပွဲပျောက်ဆုံးနေပါတယ်။ ရောဝတီယူနိုက်တက်အသင်းကတော့ ပြီးခဲ့တဲ့နှစ် မြန်မာနေရှင်နယ်လိဂ်မှာ ဒုတိယနေရာရပြီး ယခုနှစ် AFC Cup ပြိုင်ပွဲမှာ ပထမဆုံးအကြိမ် ပါဝင်ယှဉ်ပြိုင်ခွင့်ရတာပါ။ ယမန်နှစ် ပြိုင်ပွဲမှာ ရှုံးပွဲမရှိစံချိန်တင်ခဲ့ပြီး ခံစစ်အကောင်းဆုံးအသင်းဖြစ်ခဲ့ပေမယ့် ၂၀၁၂ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲမှာတော့ ပုံစံကောင်းရဖို့အတွက် ရုန်းကန်နေရပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်တွေမှာတော့ နှစ်ပွဲဆက်တိုက်နိုင်ပွဲရခဲ့ပြီး မြန်မာနေရှင်နယ်လိဂ်အင်အားကြီးအသင်း တစ်သင်းဖြစ်တဲ့ ရတနာပုံအသင်းကို အဝေးကွင်းမှာ အနိုင်ယူနိုင်ခဲ့တဲ့အတွက် ယေဘုယျအားဖြင့် သုံးသပ်မယ်ဆိုရင် ခြေမှန်ပြန်ရနေပြီလို့ ဆိုရမှာပါ။

ရောဝတီအသင်းဟာ ဒီနှစ်မှာ အပြောင်းအလဲတွေ အများအပြား ပြုလုပ်ထားကာ အသစ်ခေါ်ယူထားတဲ့ စလိုဗက်ကီးယားကစားသမား မီရိုကတော့ အထူးခြေစွမ်းပြကစားနေပြီး မင်းမင်းသူ၊ နန္ဒလင်းကျော်ချစ်၊ ဇော်ဇော်ဦး၊ သီဟစည်သူ အစရှိတဲ့ ကစားသမားတွေကလည်း အသင်းအတွက် အားကိုးရသူတွေပါ။ ရှေ့တန်းတိုက်စစ်မှူး ဂျူပီတာကတော့ အဆုံးသတ်ကောင်းသူတစ်ဦးဖြစ်ပြီး ၂၀၁၂ မြန်မာနေရှင်နယ်လိဂ်မှာ ငါးဂိုးအထိ သွင်းယူထားနိုင်ပါတယ်။ ထို့အတူ နိုင်လင်းဦး၊ သီဟဇော်၊ နေလင်းထွန်း အစရှိတဲ့ BIDC Cup ပြိုင်ပွဲမှာ ဗိုလ်စွဲခဲ့တဲ့ မြန်မာယူ-၂၁ လက်ရွေးစင်တွေပါဝင်နေပြီး စလိုဗေးနီးယားနည်းပြ ဂျိုးဆက်ဟီရယ်ရဲ့ဦးဆောင်မှုနဲ့ ရောဝတီအသင်းဟာ လျှော့တွက်လို့မရတဲ့ အသင်းကောင်းတစ်သင်းဖြစ်တာတော့ သေချာပါတယ်။ ရောဝတီအသင်းအပါအဝင် အုပ်စု (F)မှာ ပါဝင်တဲ့အသင်း လေးသင်းစလုံးဟာ တစ်ပွဲစီကစားပြီးချိန်မှာ တစ်မှတ်စီ ကိုယ်စီရရှိထားတဲ့အတွက် အားလုံးမှာ အခွင့်အရေး ညီတူမျှတူဖြစ်နေပါတယ်။ ဒါပေမယ့်လည်း နာဇီဘဏ်ဆိုင်ဂုံအသင်းကို အိမ်ကွင်းမှာ ဂိုးမရှိသရေကျခဲ့တဲ့ ကီလန်တန်အသင်း ထက်စာရင် အဝေးကွင်းမှာ အရီမာအသင်းကို ၁-၁ စီ သရေကျခဲ့တဲ့ရောဝတီအသင်းက ပိုပြီးအခြေအနေကောင်းတယ်လို့ ဆိုရမှာပါ။ ကီလန်တန်ကို ဧည့်ခံရမယ့်အိမ်ကွင်းပွဲစဉ်ဟာ ရောဝတီယူနိုက်တက်အသင်း မဖြစ်မနေအနိုင်ယူထားရမယ့်ပွဲပါ။ အိမ်ကွင်း၊ အဝေးကွင်းအားသာချက် လွန်စွာအရေးကြီးတဲ့ AFC Cup မှာ ရောဝတီအနေနဲ့ အနိုင်သုံးမှတ်ရရှိထားမှသာလျှင် မလေးမြေကို အဝေးကွင်းသွားရောက်ကစားတဲ့အခါ ဖိအားနည်းသွားမှာဖြစ်ပါတယ်။ ရောဝတီအသင်း အနိုင်ရဖို့ဆိုတာ ပရိသတ်အားပေးမှုရှိဖို့ အလိုအပ်ဆုံးဖြစ်တာကြောင့် မနက်ဖြန်သုဝဏ္ဏကွင်းမှာ ကိုယ့်တိုင်းပြည်ကိုယ်စားပြု ကလပ်အသင်းအတွက် မျိုးချစ်စိတ်အပြည့် လာရောက်အားပေးကြပါလို့။ ။

သတင်းမှတ်စု-ဇော်မင်းအောင်(၁၀၇)





ကလေးများအတွက် ဝိုင်းဝန်းလို့ ဝက်သက်ရောဂါတိုက်ဖျက်စို့

"အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်း ၂၀၁၂"

၂၀၁၂ ခုနှစ်၊ မတ်လ (၂၂) ရက်မှ (၃၁) ရက်အထိ

တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် တစ်ပြိုင်နက်တည်း ကျင်းပမည်ဖြစ်ပါသည်။

အသက် (၉) လမှ (၅) နှစ်အတွင်း ကလေးငယ်များအားလုံးကို

မပျက်မကွက် ခေါ်ဆောင်လာ၍ ကာကွယ်ဆေးထိုးကြရန်

သင်တန်းဆင်း အောင်လက်မှတ်ပေးအပ်

ရန်ကုန် မတ် ၂၀

အပြည်ပြည်ဆိုင်ရာ ရေကြောင်းလောကတွင် မြန်မာသင်္ဘောသားများ အနေဖြင့် နိုင်ငံတကာအဆင့်မီ အရည်အချင်းပြည့်ဝသော ပင်လယ်ရေကြောင်းဆိုင်ရာ အရာရှိကောင်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဖွင့်လှစ်သော ပင်လယ်ရေကြောင်းကုန်းပတ်အရာရှိ ကျွမ်းကျင်မှု သင်တန်းဆင်းအောင်လက်မှတ် ပေးအပ်ပွဲ အခမ်းအနားကို မတ် ၁၂ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ် Ballroom ၌ ကျင်းပရာ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောထွန်းအောင်မြင့်က စံပြကျောင်းသားဆုရ မောင်အောင်ပိုင်ပိုင်ကျော်အား လည်းကောင်း **(အောက်ပုံ)**၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးသက်ဌေးက အမှတ်အများဆုံး ဆုရ မောင်အာကာတင်မြင့်အား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြပြီး ကျောင်းအုပ်ကြီး ဦးမျိုးညွှန့်အောင်က သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းကို ရန်ကုန်မြို့ ဒေါပုံမြို့နယ်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၌ ဖွင့်လှစ်ထားပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး အသက်(၄၀) အောက် ကျန်းမာရေးကောင်းမွန်သည့် အမျိုးသားများသည် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက သတ်မှတ်ထားသည့် Sea Service ပြည့်မီသောသူများ၊ သင်္ဘောသားရေးရာ အထွေထွေဗဟုသုတ၊ အင်္ဂလိပ်စာနှင့် ကွန်ပျူတာဘာသာရပ်တို့ကို ဝင်ရောက် ဖြေဆိုအောင်မြင်သည့် ကျောင်းသားများ တက်ရောက်နိုင်ကြောင်း သိရသည်။ (မနဲ့)

ဝက်သက်ရောဂါကာကွယ်ဆေး ထိုးဖူးသည်ဖြစ်စေ၊ မထိုးဖူးသည်ဖြစ်စေ မတ်လ ၂၂ ရက်နေ့တွင် ကာကွယ်ဆေးထိုးကြပါစို့

မောင်ဇော်

"ကြီးမှဝက်သက်ပေါက်ရင် သတိထား" စကားရပ်သည် မိမိတို့ ကျောင်းသားဘဝက သူငယ်ချင်း အချင်းချင်း နောက်ပြောင်ပြောလေ့ရှိသော စကားဖြစ်သည်။ ယင်းစကားစု၏ အဓိပ္ပာယ်ကိုလည်း လူငယ်များပီပီ လွဲမှားစွာ ကောက်ယူခဲ့ကြသည်။ ယခုတော့ ဝက်သက်ရောဂါ၏ အကြောင်းကို သိလာရပေပြီ။

မိမိတို့ငယ်စဉ်က ဝက်သက်ရောဂါပေါက်ရင် ဆေးမြီတိုများဖြင့် ကုခဲ့ကြသည်။ ဆေးဝါးများလည်း ယခုခေတ်လောက် မစုံလင်သေး။ ၁၉၈၀ ခုနှစ် ဝက်သက်ရောဂါကာကွယ်ဆေး ကျယ်ကျယ်ပြန့်ပြန့် မထိုးပေးခင်ကာလကဆိုလျှင် ကမ္ဘာပေါ်တွင် နှစ်စဉ် ကလေး ၂ ဒသမ ၆ သန်းခန့် ဝက်သက်ရောဂါကြောင့် သေဆုံးကြရသည်။ ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းများကြောင့် ၂၀၀၀ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၂၀၀၈ ခုနှစ်တွင် သေဆုံးမှု ၇၈ ရာခိုင်နှုန်း လျော့ကျလာခဲ့သည်။ မြန်မာနိုင်ငံ၌လည်း ၂၀၁၀ ခုနှစ်တွင် ဝက်သက်ရောဂါကာကွယ်ဆေး ပထမအကြိမ်အဖြစ် ထိုးနှံပေးနိုင်မှု ၈၈ ရာခိုင်နှုန်းရှိပါသည်။ ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခြင်းကြောင့် ဝက်သက်ရောဂါကြောင့် သေဆုံးမှုများ သိသိသာသာ လျော့ချနိုင်ခဲ့သည်ဟု ကျွန်တော်တက်ရောက်ခဲ့သည့် အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေးထိုး လုပ်ငန်း (၂၀၁၂)နှိုးဆော်ရေး အလုပ်ရုံဆွေးနွေးပွဲမှ သိရှိခဲ့ရသည်။

"အမှန်တော့ဗျာ ဝက်သက်ရောဂါဟာ ပြင်းထန်တဲ့ ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပြီး အလွန်ကူးစက်လွယ်တဲ့ရောဂါ ဖြစ်တယ်။ ဒီရောဂါဟာ ကလေးငယ်တွေ သေဆုံးမှုရဲ့ အဓိကအကြောင်းထဲမှာ တစ်ခုပါဝင်နေသေးတယ်ဗျာ။ ပထမဆုံးရောဂါလက္ခဏာက အပြင်းဖျားမယ်။ ရောဂါရှိတဲ့ လူနာနဲ့ ထိတွေ့ကူးစက်မိရင် နှာရည်ယို၊ ချောင်းဆိုး၊ မျက်စိနီတာတွေ ဖြစ်တတ်တယ်။ ရက်အတန်ကြာတဲ့အခါ အဖုအပိမ့်နဲ့ အနီကွက်များ ထွက်လာတတ်တယ်။ ငါးနှစ်အောက်ကလေးတွေမှာ ဝက်သက်ရောဂါရဲ့ နောက်ဆက်တွဲဖြစ်ရပ်တွေ ပိုမိုဖြစ်တတ်ပြီး မျက်စိကွယ်၊ ဦးနှောက်ရောင်ရမ်း၊ ပြင်းထန်စွာဝမ်းလျှော၊ အရည်ခန်းခြောက်၊ နားပြည်ယိုနဲ့ ပြင်းထန်သော နမိုးနီးယားရောဂါတွေ ဖြစ်နိုင်သေးတယ်ဗျာ။ ကာကွယ်ဆေးမထိုးထားတဲ့ ကလေးငယ်တွေဟာ ဝက်သက်နဲ့ နောက်ဆက်တွဲရောဂါ ဖြစ်ပွားနိုင်တဲ့ အန္တရာယ်အများဆုံးရှိနိုင်တယ်။ ရောဂါပြင်းထန်ရင် သေဆုံးတဲ့အထိ ဖြစ်နိုင်တယ်"ဟု ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ထို့ကြောင့် ကလေးများအား ဝက်သက်ရောဂါကာကွယ်ဆေး ပုံမှန် နှစ်ကြိမ် ထိုးရပါသည်။ ကလေးအသက် (၉)လပြည့်လျှင် ပထမအကြိမ်၊ ကလေး တစ်နှစ်ခွဲ (၁၈လ)တွင် ဒုတိယအကြိမ် ထိုးပေးရသည်။ ကလေးအသက် (၉)လတွင် ပထမအကြိမ် စတင်ထိုးသော ဝက်သက်ရောဂါကာကွယ်ဆေးသည် ကာကွယ်ဆေးထိုးပြီး ကလေးများ၏ ၈၅ ရာခိုင်နှုန်းကိုသာ ကာကွယ်မှုပေးသောကြောင့် ဝက်သက်ရောဂါ ခုခံအား မရရှိသော ကလေးများကျန်ရှိနိုင်ပါသည်။ ဝက်သက်ရောဂါကပ်အသွင်ဖြစ်ပွားသူများ၏ အသက်အရွယ်ကို လေ့လာရာတွင် ငါးနှစ်အောက်ကလေးများတွင် ဖြစ်ပွားမှုများသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံတွင် ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးခြင်းကို ၁၉၈၇ ခုနှစ်က စတင်ခဲ့ပါသည်။ ထိုအချိန်မှစ၍ ဝက်သက်ရောဂါဖြစ်ပွားမှု၊ သေဆုံးမှုများ သိသိသာသာလျော့နည်းကျဆင်းခဲ့သည်။ နိုင်ငံအနှံ့ အစုလိုက် ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို ၂၀၀၂၊ ၂၀၀၃၊ ၂၀၀၄ ခုနှစ်များတွင် ဆောင်ရွက်ခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် သုံးကြိမ်ခွဲပြီး တစ်နိုင်ငံလုံး ဆောင်ရွက်ခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများတွင် အရေးပေါ်ဝက်သက်ရောဂါကာကွယ်ဆေးထိုးပေးခဲ့ပြီး ကပ်အသွင်ဖြစ်ပွားမှုများကို ကာကွယ်နိုင်ခဲ့သည်။ မြန်မာနိုင်ငံတွင် ဝက်သက်ရောဂါကြောင့် သေဆုံးမှုလျှော့ချရေး ရည်မှန်းချက်ရောက်ရှိအောင်မြင်နေပြီဖြစ်ကြောင်းကိုလည်း သိရှိခဲ့ရသည်။

ယခုအခါ အစုလိုက် ဝက်သက်ရောဂါကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ (၉) လမှ (၅) နှစ်အရွယ် ကလေးများအား ၂၀၁၂ ခုနှစ် မတ် ၂၂ ရက်မှ ၃၁ ရက်အထိ ပြည်သူ့ကျန်းမာရေးလှုပ်ရှားမှုအသွင်တစ်ခုအဖြစ် တစ်ချိန်တည်းတစ်ပြိုင်တည်း ဆောင်ရွက်တော့မည်ဖြစ်သည်။ ဤအစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးထိုးခြင်းကြောင့် ကလေးငယ်များ ဝက်သက်ရောဂါဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ပြီး နောက်ဆက်တွဲဖြစ်ရပ်များကြောင့် ပြင်းထန်စွာ နာမကျန်းဖြစ်ခြင်းနှင့် သေဆုံးခြင်းတို့ကို ကာကွယ်တားဆီးနိုင်မည်ဖြစ်သည်။ မကြာမီကာလတွင် ဝက်သက်ရောဂါကူးစက်မှု ပြတ်တောက်သွားပြီး လုံးဝကင်းစင်ပပျောက်သွားမည်ဖြစ်သည်။

သို့ပါ၍ အစိုးရသစ်လက်ထက်၌ ပြုလုပ်သော အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးထိုးခြင်းလုပ်ငန်းသို့ **သင်၏ (၉) လမှ (၅)နှစ်အရွယ်ကလေးငယ်အားလုံးကို ယခင်ထိုးဖူးသည်ဖြစ်စေ၊ မထိုးဖူးသည်ဖြစ်စေ ယခုလာရောက်ကာကွယ်ဆေးထိုးကြပါရန်** တိုက်တွန်းလိုက်ရပါသည်။ ။

မိုးပွင့်အဆင့်(၂)စီမံချက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

မုံရွာ မတ် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၏ မိုးပွင့်အဆင့်(၂)စီမံချက်အရ မတ် ၁၄ ရက်တွင် ဘုတလင်မြို့နယ် အောင်ချမ်းသာကျေးရွာအုပ်စု ကံသာကျေးရွာ၌ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုစာရင်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ရှေ့ဦးစွာ တိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညီညီသိန်းဇံက မြန်မာနိုင်ငံသားဥပဒေ လုပ်ထုံးလုပ်နည်းများ၊ မိုးပွင့်အဆင့်(၂) စီမံချက်ဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ၆၅ ကတ်ကို ကျေးရွာပြည်သူများအား တစ်ဦးချင်းထုတ်ပေးကြောင်း သိရသည်။**(အောက်ဝဲပုံ)**(မျိုးဇော်)

ထူးခြားသည့် နေ့အပူချိန်များ		
မင်းဘူး	၄၂	ဒီဂရီစင်တီဂရိတ်
ချောက်	၄၀	ဒီဂရီစင်တီဂရိတ်

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၂၃)ရက်မြောက်နေ့ ကျင်းပ

၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း၏ မူနှင့် အခြေခံသဘောများဆွေးနွေး

နေပြည်တော် မတ် ၂၀

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၅၁၆)ဦးတို့ တက်ရောက်ကြသည်။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၂၃)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ **၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးလှထွန်းက ဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်တွင် လက်ခံဆွေးနွေးရန် အဆိုတင်သွင်းပြီး ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် မဲဆန္ဒနယ်မှ ဦးသိန်းရီက ထောက်ခံဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် လွှတ်တော်၏ သဘောထားကိုရယူပြီး လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

ထို့နောက် **၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း၏မူနှင့် အခြေခံသဘောများ**ကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး၊ နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်း၊ ကလေးဝမဲဆန္ဒနယ်မှ ဦးစိုးသိမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ်၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ကစားသမား ကရင်ဖရီ ဖူလ်ဟမ်လူငယ်အသင်းနှင့် စာချုပ်သစ်ချုပ်ဆို

လန်ဒန် မတ် ၂၀

ဖူလ်ဟမ်အသင်း၏ လူငယ်ကစားသမား ကရင်ဖရီသည် ဖူလ်ဟမ်အသင်းနှင့် သုံးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ထပ်မံချုပ်ဆိုနိုင်ခဲ့သည်။

အသက်(၁၈)နှစ်ရှိ ဖရီသည် ကော်တေဂါလူငယ် အကယ်ဒမီမှ ထွန်းတောက်လာသောကြယ်တစ်ပွင့်ဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီအတွင်း ဖူလ်ဟမ်အသင်းအတွက် များစွာအထောက်အကူပြုခဲ့သည်။

ဖူလ်ဟမ်နည်းပြ မာတင်ဂျိုးသည် ဖရီအား ယူရိုပါလိဂ်ပွဲစဉ်အဖြစ် ဇူလိုင်လအတွင်းက ပထမဆုံးပွဲထုတ်ခဲ့ပြီးနောက် ပရီမီယာလိဂ်ပွဲစဉ်များတွင် ပါဝင်ကစားစေခဲ့သည်။ ယခုနှစ်ဘောလုံးရာသီသည် ဖရီ၏ ပထမဆုံး ပရီမီယာလိဂ် ပွဲထွက်ရာသီဖြစ်ပြီး ၁၆ ပွဲ ပါဝင်ကစားပေးထားသည်။

အင်တာနက်။

ကိုရီးယားရုပ်သံဇာတ်လမ်းတွဲသစ် Love Rain

နာမည်ကျော်ကိုရီးယားငွေကြယ်ပွင့်များဖြစ်သည့် မင်းသား ဂျန်ဂျီအန်ဆက်နှင့် မင်းသမီး ယွန်နာတို့ အဓိကဇာတ်ဆောင်များအဖြစ် ပါဝင်သရုပ်ဆောင်ထားသည့် အချစ်ဇာတ်မြူး ကိုရီးယားရုပ်သံဇာတ်လမ်းတွဲသစ် Love Rain ကို KBS2 ရုပ်သံလိုင်းက မတ် ၂၆ ရက်မှ ဇွန် ၁၂ ရက်ထိ ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ယင်းဇာတ်လမ်းတွဲတွင် အပိုင်း ၂၄ ပိုင်း ပါဝင်ကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်းရုပ်သံဇာတ်လမ်းတွဲသည် ၁၉၇၀ ခုနှစ်များက တက္ကသိုလ်ကျောင်းတော်တစ်ခုတွင် အနုပညာကျောင်းသား ဆိုအင်ဟာနှင့် အလှပဂေးကျောင်းသူမလေး ကင်မ်ယွန်ဟီးတို့သည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် အသည်းနစ်အောင် ချစ်ခဲ့ကြသော်လည်း ကံကြမ္မာက ၎င်းတို့ချစ်သူနှစ်ဦးကို ပေါင်းဖက်ဆုံစည်းခွင့်မပေးခဲ့။ ယခုအခါ ဆိုအင်ဟာ၏ သား ဆိုဂျွန်းနှင့် ကင်မ်ယွန်ဟီး၏ သမီး ကင်မ်ဟာနာတို့ကလည်း သိပ်ချစ်ကြသည့် ချစ်သူများအဖြစ် ရှိနေကြပြီဖြစ်သည်။

ဆိုဂျွန်းနှင့် ကင်မ်ဟာနာတို့၏ အချစ်ခရီးလမ်းသည် ဆုံစည်းခြင်းနှင့် အဆုံးသတ်လေမလား သို့မဟုတ် ၎င်းတို့၏ မိဘများ ချစ်ဇာတ်လမ်းကဲ့သို့ ကွဲကွာခြင်းကံကြမ္မာမျိုးနှင့် ရင်ဆိုင်ရလေမလားဆိုသည်ကို စောင့်မျှော်ရှုစားကြရမည်ဖြစ်သည်။

ယင်းဇာတ်လမ်းတွဲတွင် ဆိုအင်ဟာနှင့် ကင်မ်ယွန်ဟီးတို့၏ ချစ်သူဘဝ၊ ဆိုဂျွန်းနှင့် ကင်မ်ဟာနာတို့၏ ချစ်သူဘဝများကို မင်းသား ဂျန်ဂျီအန်ဆက်နှင့် မင်းသမီးယွန်နာတို့က မတူကွဲပြားသည့် စရိုက်နှစ်မျိုးစီဖြင့် ထူးထူးခြားခြား သရုပ်ဆောင်ထားသည်ကိုလည်း ကြည့်ရှုကြရမည်ဖြစ်သည်။

အင်တာနက်။

ကိုရီးယားမင်းသမီး ယွန်နာ။

နိုင်ငံ
တကာ
အနု
ပညာ
ရုပ်ဝန်း

ကိုရီးယားမင်းသား ဂျန်ဂျီအန်ဆက်။

အင်တာနက် အာကာသသိပ္ပံသတင်း **ဘာသာပြန် - ရောမောင်**



နာဆာက ကမ္ဘာ့လေထုလွှာလေ့လာရေးလုပ်ငန်း၌ အသုံးပြုလျက်ရှိသော လေယာဉ်တစ်စင်းကို တွေ့ရစဉ်။

အရှေ့တောင်အာရှဒေသ၏လေထုလွှာ နာဆာသိပ္ပံပညာရှင်များ လေ့လာမည်

ဝါရှင်တန် မတ် ၂၀

အမေရိကန်အာကာသအေဂျင်စီ(နာဆာ) သိပ္ပံပညာရှင်များသည် အရှေ့တောင်အာရှဒေသ၏ လေထုလွှာဆိုင်ရာအခြေအနေများကို အသေးစိတ်သိရှိနိုင်ရန် လေ့လာသွားမည်ဖြစ်ကြောင်း၊ ကမ္ဘာ့လေထုလွှာနှင့် ပင်လယ်သမုဒ္ဒရာလေ့လာရေးသိပ္ပံပညာရှင်တစ်ဦးက မတ် ၁၉ ရက်တွင် ပြောကြားသည်။

အရှေ့တောင်အာရှဒေသ၏ လေထုလွှာဖွဲ့စည်းပုံ၊ တိမ်တိုက်များဖွဲ့စည်းပုံနှင့် ရာသီဥတုအခြေအနေတို့နှင့် ပတ်သက်၍ အသေးစိတ်လေ့လာသွားရန် သိပ္ပံပညာရှင်များ၊ နည်းပညာရှင်များနှင့် သုတေသီ ၁၅၀ ကျော်သည် လေ့လာရေးအစီအစဉ်တစ်ရပ်ကို ရေးဆွဲခဲ့ကြကြောင်း ကော်လိုရာဒိုတက္ကသိုလ် ကမ္ဘာ့လေထုလွှာနှင့် ပင်လယ်သမုဒ္ဒရာလေ့လာရေးဌာနအကြီးအကဲ ဘရိုင်ယန်တွန်းက ပြောကြားသည်။

အရှေ့တောင်အာရှဒေသ၏ လေထုလွှာကို အသေးစိတ်လေ့လာမည့် အစီအစဉ်ကို ချမှတ်နိုင်ရန် အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ် ဘူလ်ဒါမြို့၌ သိပ္ပံပညာရှင်များ စုဝေးခဲ့ကြသည်။

အရှေ့တောင်အာရှဒေသ၏ လေထုလွှာကို လေကြောင်းမှလေ့လာရန် စီစဉ်ထားသည်။ လေ့လာရေးအစီအစဉ်အတွက် အသုံးပြုမည့် လေယာဉ်များကို ထိုင်းနိုင်ငံ၌ အခြေစိုက်ရန် သိပ္ပံပညာရှင်များက ဆုံးဖြတ်ခဲ့ကြသည်။

အရှေ့တောင်အာရှဒေသသည် ကမ္ဘာပေါ်တွင် အရေးအကြီးဆုံးဒေသတစ်ခုဖြစ်ကြောင်း၊ ကမ္ဘာ့ဒေသများအလိုက် နှိုင်းယှဉ်လျှင် လူဦးရေ သိပ်သည်းသောဒေသလည်းဖြစ်ကြောင်း၊ လေ့လာရေးအစီအစဉ်ကို ဩဂုတ်လတွင် စတင်မည်ဖြစ်ကြောင်း ဘရိုင်ယန်တွန်းက ပြောကြားသည်။ **အင်တာနက်။**